# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
# (၂၅)ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၇ ရက်
## (၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်)
## (ဗုဒ္ဓဟူးနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၅)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၅)ရက်မြောက်နေ့အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]**

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၅)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၁ ဦး ရှိတဲ့အနက် ၃၅၇ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၄.၈၀ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစည်းအဝေးကို ကြိုတင်ဖြန့်ဝေထားတဲ့အစီအစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်ပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၅)ရက်မြောက်နေ့မှာ ခွင့်ပန်ကြားသူများရဲ့စာရင်းကို ကျွန်တော် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးက တင်ပြပါ့မယ်။ ယနေ့ခွင့်ပန်ကြားသူများမှာ-

(၁) ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်မှ ဒေါ်တင်နွယ်ဦး ခွင့် ၁ ရက်၊

(၂) ဟိုပုန်းမဲဆန္ဒနယ်မှ ဦးခွန်သိန်းဖေ ခွင့် ၁ ရက်၊

(၃) ကျိုက်လတ်မဲဆန္ဒနယ်မှ ဦးသန်းဝင်း ခွင့် ၁ ရက်၊

(၄) လှိုင်းဘွဲမဲဆန္ဒနယ်မှ ဦးစောသိန်းအောင် ခွင့် ၂ ရက်၊

(၅) အရာတော်မဲဆန္ဒနယ်မှ ဦးကျော်မြင့် ခွင့် ၃ ရက်၊

(၆) တီးတိန်မဲဆန္ဒနယ်မှ ဦးပုမ်ခန့်အင် ခွင့် ၁ ရက်၊

(၇) မာန်အောင်မဲဆန္ဒနယ်မှ ဦးအောင်စိန် ခွင့် ၁ ရက်၊

(၈) မောင်တောမဲဆန္ဒနယ်မှ ဦးအောင်ဇော်ဝင်း ခွင့် ၃ ရက်၊

(၉) ဆောမဲဆန္ဒနယ်မှ ဦးဌေးမောင် ခွင့် ၃ ရက်၊

(၁၀) မင်းလှမဲဆန္ဒနယ်မှ ဦးဝင်းတင် ခွင့် ၃ ရက်၊

(၁၁) ရမည်းသင်းမဲဆန္ဒနယ်မှ ဦးဘိုနီ ခွင့် ၂ ရက်၊

(၁၂) ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးမြင့်စိုး ခွင့် ၂ ရက်၊

(၁၃) ကြို့ပင်ကောက်မဲဆန္ဒနယ်မှ ဦးသန့်ဇင် ခွင့် ၁ ရက်၊

(၁၄) တောင်သာမဲဆန္ဒနယ်မှ ဦးအောင်သောင်း ခွင့် ၁ ရက်၊

(၁၅) စေတုတ္တရာမဲဆန္ဒနယ်မှ ဦးသန်းထွန်း ခွင့် ၁ ရက်၊

(၁၆) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးအောင်ပိုင်ဦး ခွင့် ၁ ရက်၊

(၁၇) မိုးညှိမဲဆန္ဒနယ်မှ ဦးနန်းဦး ခွင့် ၁ ရက်၊

(၁၈) မိုင်းဆတ်မဲဆန္ဒနယ်မှ ဦးစိုင်းခတ္တိယ ခွင့် ၃ ရက်၊

(၁၉) မိုင်းတုံမဲဆန္ဒနယ်မှ ဦးစိုင်းအောင်ကြည် ခွင့် ၃ ရက်၊

(၂၀) ဝိုင်းမော်မဲဆန္ဒနယ်မှ ဦးယိန်းဘောမ် ခွင့် ၃ ရက်၊

(၂၁) ကျောက်ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါက်တာဇော်မြင့်မောင် ခွင့် ၁ ရက်၊

(၂၂) ရသေ့တောင်မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေ ခွင့် ၂ ရက်နှင့်

(၂၃) မိုင်းခတ်မဲဆန္ဒနယ်မှ ဦးစဲကီကော် ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ယနေ့ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၀ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၄၁ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၂၃ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူစုစုပေါင်း ၆၄ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်

ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်း အစီအစဉ် စတင် ဆောင်ရွက်ပါမယ်။

**စတီးဝဲလ် သို့မဟုတ် လီဒိုလမ်းမကြီးအား အဆင့်မြှင့်တင်သွားရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးစွာ တနိုင်းမဲဆန္ဒနယ်မှ ဦးမျိုးဆွေ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးမျိုးဆွေ(တနိုင်းမဲဆန္ဒနယ်)**။ ။ မင်္ဂလာပါ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ တနိုင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဆွေဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ကချင်ပြည်နယ်မှာ ဒုတိယကမ္ဘာစစ်အတွင်းက မဟာမိတ်တပ်များ ဖောက်လုပ်ခဲ့တဲ့ စတီးဝဲလ်လမ်းမကြီး သို့မဟုတ် လီဒိုလမ်းမကြီးခေါ်တဲ့ မဟာဗျူဟာလမ်းမကြီးဟာ မြစ်ကြီးနား၊ တနိုင်း၊ ရှင်ဗွေယန်၌ စစ်ကိုင်းတိုင်းဒေသကြီး၊ နန်းယွန်း၊ ပန်ဆောင်မှတစ်ဆင့် အိန္ဒိယသို့သွားလာနိုင်သော လမ်းကြောင်းတစ်ခုဖြစ်ခဲ့ပါတယ်။ ယခင်အချိန်က နယ်မြေတည်ငြိမ်မှု မရှိခြင်းကြောင့်သော်လည်း ကောင်း၊ တိုင်းပြည်ရဲ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု နောက်ကျကျန်ရစ်ခဲ့ခြင်းကြောင့်သော်လည်းကောင်း၊ ရာသီမရွေးနေ့ညသွားလာနိုင်သော လမ်းမကြီးအဖြစ် အဆင့်မြှင့်တင်ပေးနိုင်ခဲ့ခြင်း မရှိခဲ့တဲ့အတွက် တနိုင်း၊ ရှင်ဗွေယန်၊ နန်းယွန်းမြို့နယ်များဟာ ခေတ်အဆက်ဆက် ဖွံ့ဖြိုးတိုးတက်မှုနောက်ကျကျန်ရစ်ခဲ့ ရပါတယ်။ ၎င်းလမ်းမကြီးကို အဆင့်မြှင့်တင်ပေးနိုင်ပါက အလျင်အမြန်ဖွံ့ဖြိုးတိုးတက်လာမှာ ဖြစ်ပါ တယ်။ ယခင်တပ်မတော်အစိုးရလက်ထက် တရုတ်နိုင်ငံ၊ ထိန်ချုံးခရိုင်နဲ့ ဆက်စပ်လျက်ရှိသော ကန်ပိုက်တီး၊ ဆဒုံး၊ ဝိုင်းမော်ကားလမ်းကြီးကို ၂၀၀၅ ခုနှစ်မှ ၂၀၀၇ ခုနှစ်အတွင်းက တရုတ်နိုင်ငံ

အကူအညီဖြင့် ဖောက်လုပ်ပြီးစီးခဲ့ပြီး မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေးစခန်း ဖွင့်လှစ်ထားရှိနိုင်ခဲ့ပါတယ်။ ၎င်းလမ်းမကြီးနှင့် ဆက်စပ်လိုက်ပါက တရုတ်နိုင်ငံ၊ ထိန်ချုံးခရိုင်မှတစ်ဆင့် မြန်မာနိုင်ငံ ကန်ပိုက်တီး၊ ဆဒုံး၊ ဝိုင်းမော်၊ မြစ်ကြီးနား၊ တနိုင်း၊ ရှင်ဗွေယန်၊ နန်းယွန်း၊ ပန်ဆောင်မှတစ်ဆင့် အိန္ဒိယသို့သွားလာနိုင်သော လမ်းမကြီးတစ်ခု ဖြစ်ပေါ်လာတာနဲ့ ဒေသဖွံ့ဖြိုးရေးအတွက်သာမက နိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအပါ အထောက်အကူပြုမယ့် တရုတ်-မြန်မာ၊ အိန္ဒိယကုန်သွယ်ရေး လမ်းကြောင်းကြီးတစ်ခု ဖြစ်ပေါ်လာမှာဖြစ်ပါတယ်။ ဒါ့ကြောင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတာကတော့ နိုင်ငံတော်အစိုးရအစီအရင်ဖြင့် စတီးဝဲလ်လမ်းမကြီး သို့မဟုတ် လီဒိုလမ်းမကြီးဟုခေါ်တဲ့ မြစ်ကြီးနား၊ တနိုင်း၊ ရှင်ဗွေယန်၊ နန်းယွန်း၊ ပန်ဆောင်လမ်းမကြီးကို အဆင့်မြှင့်တင်သွားရန် အစီအစဉ်ရှိ/မရှိ သို့မဟုတ် BOT စနစ်ဖြင့်ဆောင်ရွက်သွားရန် အစီအစဉ်ရှိ/မရှိ သို့မဟုတ် တရုတ်-မြန်မာ၊ အိန္ဒိယနိုင်ငံ များပူးပေါင်း၍ လမ်းအဆင့်မြှင့်တင်သွားရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ရှင်းလင်းဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးစိုးတင့်(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားတဲ့ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးစိုးတင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကချင်ပြည်နယ်၊ တနိုင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဆွေမှ မေးမြန်းထားတဲ့ နိုင်ငံတော်အစိုးရအစီအစဉ်ဖြင့် စတီးဝဲလ် လမ်းမကြီး သို့မဟုတ် လီဒိုလမ်းမကြီးဟုခေါ်သည့် မြစ်ကြီးနား၊ တနိုင်း၊ ရှင်ဗွေယန်၊ နန်းယွန်း၊ ပန်ဆောင်လမ်းမကြီးကို အဆင့်မြှင့်တင့်သွားရန် အစီအစဉ်ရှိ/မရှိ သို့မဟုတ် BOT စနစ်ဖြင့် ဆောင်ရွက်သွားရန် အစီအစဉ်ရှိ/မရှိ သို့မဟုတ် တရုတ်၊ မြန်မာ၊ အိန္ဒိယနိုင်ငံများ ပူးပေါင်း၍ လမ်းအဆင့်မြှင့်တင်သွားရန် အစီအစဉ်ရှိ/မရှိသိလိုခြင်းနှင့် စပ်လျဉ်းတဲ့မေးခွန်းကို ပြန်လည်ရှင်းလင်း တင်ပြသွားမှာဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကျွန်တော့်တင်ပြချက်များကို ပိုမိုရှင်းလင်းစေရန် Power Point ဖြင့် ကျွန်တော်တို့ တင်ပြပါ့မယ်။ ကျွန်တော်တို့ မြစ်ကြီးနား၊ နမ္မတီး၊ တနိုင်း၊ ရှင်ဗွေယန်၊ ပန်ဆောင်လမ်းဟာ စုစုပေါင်း ၂၂၈ မိုင်ရှည်းလျားတဲ့လမ်း ဖြစ်ပါတယ်။ ဒီလမ်းမှာ ကချင်ပြည်နယ်

အပိုင်းမှာ မြစ်ကြီးနားမိုင်တိုင် ၀/၀ ကနေပြီးတော့မှ ရှင်ဗွေယန်အထိ ၁၇၇ မိုင် ပါဝင်ပြီးတော့ စစ်ကိုင်းတိုင်းအတွင်းမှာ ရှင်ဗွေယန်ကနေပြီးတော့ ပန်ဆောင်အထိ ၅၁ မိုင်ပါဝင်တဲ့ လမ်းမကြီးဖြစ်ပါတယ်။ ဒီလမ်းမကြီးနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့ ၃၁-၃-၂၀၁၄ နေ့အထိ လမ်းအခြေအနေကို ကျွန်တော်တို့ ပြန်လည်သုံးသပ်တဲ့အခါမှာ ကွန်ကရစ်လမ်းက ၂ မိုင် ၂ ဖာလုံ ရှိပါတယ်။ ကတ္တရာလမ်းက ၃၂ မိုင် ၇ ဖာလုံ ရှိပါတယ်။ အမာခံလမ်းက ၁၅၅ မိုင် ၇ ဖာလုံ ဖြစ်ပါတယ်။ မြေလမ်းက ၃၇ မိုင် ရှိပါတယ်။ စုစုပေါင်း ၂၂၈ မိုင် ဖြစ်ပါတယ်။

မြစ်ကြီးနား-နမ္မတီး-တနိုင်း-ပန်ဆောင်-လီဒိုလမ်း (ကချင်ပြည်နယ်အပိုင်း)မှာ မိုင်တိုင် ၀/၀ က နေပြီးတော့ မိုင်တိုင် ၁၁၉ မိုင်နဲ့ ၄ ဖာလုံကို ယခင်က လီဒိုဟိုင်းဝေးကုမ္ပဏီမှ BOT စနစ်နဲ့တာဝန် ယူပြီးဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။ လီဒိုဟိုင်းဝေးကုမ္ပဏီမှ စာချုပ်ပါစည်းကမ်းချက်များအတိုင်း ဆောင်ရွက်နိုင်ခြင်းမရှိတဲ့အတွက် ၂၀-၈-၂၀၁၄ နေ့မှစပြီးတော့ ပြည်သူ့ ဆောက်လုပ်ရေးလုပ်ငန်းမှ ပြန်လည်လုပ်ငန်းလွှဲယူခဲ့ပြီးတော့ လမ်း၊ တံတားပြင်ဆင်ထိန်းသိမ်းရေးများကို ဆောင်ရွက်လျက်ရှိပါ တယ်။ မြစ်ကြီးနား-နမ္မတီး-တနိုင်း-ပန်ဆောင်-လီဒိုလမ်း (ကချင်ပြည်နယ် အပိုင်း) ၁၇၇ မိုင်ကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေနဲ့ ပြင်ဆင်ထိန်းသိမ်းရေး ရန်ပုံငွေ နှစ်ရပ်ပေါင်းစပ်ပြီးတော့ အမာခံလမ်းခင်းခြင်း ၅၄ မိုင် ၄ ဖာလုံ၊ ကွန်ကရစ်လမ်းခင်းခြင်း ၄ ဖာလုံ၊ သံကူကွန်ကရစ်တံတားတည်ဆောက်ခြင်း ၁၇ စင်း၊ ၅၀ ပေအထက် စတီးကြမ်းခင်းဘေလီတံတား တည်ဆောက်ခြင်း ၁၄ စင်းနဲ့ ၁၂၀၀ ပေအရှည်ရှိတဲ့ တဝမ်တံတား တည်ဆောက်ခြင်းလုပ်ငန်း များကိုဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။ မြစ်ကြီးနား-နမ္မတီး-တနိုင်း-ပန်ဆောင်-လီဒိုလမ်း(စစ်ကိုင်းတိုင်း ဒေသကြီးအပိုင်း) ၅၁ မိုင်ကိုတော့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ပြည်ထောင်စုငွေလုံးငွေရင်း ရန်ပုံငွေနဲ့ တိုင်းဒေသကြီး အထူးပြင်ဆင်ထိန်းသိမ်းရေး ရန်ပုံငွေများ ပေါင်းစပ်ပြီးတော့ ၃၄ ပေ အကျယ်လမ်းချဲ့ခြင်းနှင့် လျှောစောက်နှိမ့်ချခြင်း ၁၁ မိုင် ၄ ဖာလုံ၊ အမာခံလမ်းခင်းခြင်း ၁၃ မိုင် ၇ ဖာလုံ၊ တံတားနှင့်ရေပြွန်များတည်ဆောက်ခြင်း ၂၄ မိုင်စတဲ့လုပ်ငန်းများကို ဆောင်ရွက်ခဲ့တာဖြစ်ပါ တယ်။

မြစ်ကြီးနား-နမ္မတီး-တနိုင်း-ပန်ဆောင်-လီဒိုလမ်းကို အဆင့်မြှင့်တင် တည်ဆောက်ရန်အတွက် အိန္ဒိယအစိုးရအဖွဲ့မှလည်းကောင်း၊ မြောက်ပိုင်းတော်ဝင် ကျောက်စိမ်းကုမ္ပဏီလီမိတက်မှ တရုတ်နိုင်ငံ ထိန်မိန်လမ်းဖောက်လုပ်ရေးကုမ္ပဏီနဲ့ ပူးပေါင်း၍လည်းကောင်း ကွင်းဆင်းစစ်ဆေးပြီး အဆင့်မြှင့်တင် ဆောင်ရွက်ရန် လေ့လာလျက်ရှိပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မြောက်ပိုင်းတော်ဝင် ကျောက်စိမ်း

ကုမ္ပဏီလီမိတက်နဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ထိန်ချုံးမြို့မှာရှိတဲ့ ထိန်မိန်လမ်းဖောက်လုပ်ရေး ကုမ္ပဏီတို့ အကျိုးတူပူးပေါင်းပြီး မြစ်ကြီးနား-နမ္မတီး-တနိုင်း-ပန်ဆောင်-လီဒိုပန်ကို လေးလမ်းသွား နိုင်လွန်ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းအား စီမံကိန်းအဖြစ် ရင်းနှီးမြှုပ်နှံပြီး BOT စနစ်ဖြင့်ဆောင်ရွက်လိုကြောင်း BOT ရဲ့မူဝါဒ ၂၁ ချက်နဲ့အညီ တင်ပြလာပါတယ်။ အဆိုပါတင်ပြချက် များကို မူဝါဒ ၂၁ ချက်အား အသေးစိတ်စိစစ်ပြီး မူဝါဒနဲ့ ကိုက်ညီပါက ၎င်းကုမ္ပဏီကို BOT စနစ်နဲ့ ဆောင်ရွက်ခွင့်ပြုမှာ ဖြစ်ပါကြောင်း လေးစားစွာရှင်းလင်း တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**နိုင်ငံအတွင်း စိုက်ပျိုးထားရှိသော ကြက်ဆူစိုက်ခင်းများနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ဦးတင်ဌေးအောင်၊ ရေစကြိုမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးတင်အောင်(ရေစကြိုမဲဆန္ဒနယ်)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ကိုယ်စားလှယ်တော်ကြီးများနှင့် လေ့လာရေးလာရောက်ကြတဲ့ ဧည့်သည်တော်များအားလုံး ကိုယ်ရောစိတ်ပါ ကျန်းမာချမ်းသာကြပါစေလို့ မေတ္တာပို့ဆုတောင်း ဂါရဝပြုနှုတ်ခွန်းဆက်ပါတယ်ခင်ဗျား။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံမှာ ၂၀၀၄ ခုနှစ်ကနေစပြီးတော့ လောင်စာဆီနဲ့ပတ်သက်ပြီးတော့ ပြည်သူများ တန်ဖိုးနှုန်းချိုသာစွာနဲ့ အလွယ်တကူရရှိနိုင်ရေး ပြည်ပထွက်ငွေလျှော့ချ၍ အမျိုးသားအကျိုးစီးပွား မြှင့်တင်ရေးစတဲ့ ရည်ရွယ်ချက်အကြောင်းပြချက်များနဲ့ Biodesel ထုတ်လုပ်ရန်အတွက် ကြက်ဆူ စိုက်ပျိုးရေးစီမံချက်ကို အမျိုးသားရေးစီမံချက်၊ နိုင်ငံတော်စီမံကိန်းဖြင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်ခဲ့တာကို တွေ့ရပါတယ်။ ဒီစီမံကိန်းကြီး အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာမှာ နိုင်ငံတော်နဲ့ ပြည်သူတို့ရဲ့အချိန်၊ ငွေကြေး၊ မြေယာ၊ ခြံအဆောက်အအုံ၊ လုပ်အားများ များစွာရင်းနှီး အသုံးပြုခဲ့ရပါတယ်။ ယခုအခါမှာ ဒီစီမံကိန်းကြီး ဆောင်ရွက်ခဲ့တာဟာ ၁၀ နှစ်ကျော် ရှိခဲ့ပြီဖြစ်ရာ ဒီစီမံကိန်းဆောင်ရွက်မှုရဲ့ အကျိုးအဖြစ်နဲ့ နိုင်ငံတော်နှင့် နိုင်ငံသားတို့ရဲ့အကျိုးစီပွား မည်မျှတိုးတက် ဖြစ်ထွန်းခဲ့ပါသလဲ။ မည်မျှတိုးတက်ဖြစ်ထွန်းလာပါမည်လဲဆိုတဲ့ အချက်တွေကို သိလိုပါတယ်။ ဒါကြောင့် အောက်ပါမေးခွန်းများကို မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ နိုင်ငံအတွင်း မည်သည့် အရပ်ဒေသတွင် နံပါတ်(၁) ကြက်ဆူစိုက်ခင်းကြီးများ မည်မျှအောင်မြင်ဖြစ်ထွန်းနေပါမည်နည်း။ နံပါတ်(၂) ထွက်ရှိအသုံးပြုနိုင်သော ကုန်ကြမ်းများ မည်မျှစုဆောင်းသိုလှောင် ရရှိနေပါမည်နည်း။ နံပါတ်(၃) ကုန်ချောဖြစ် Biodesel များကို ပြည်သူများမည်မျှသုံးစွဲခွင့် ရရှိနေကြပါမည်နည်း စသည်

တို့အား လောင်စာဆီဈေးသက်သာ၍ လိုအပ်နေကြသော ပြည်သူတို့ကိုယ်စား လေးစားစွာမေးမြန်း တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးက ပြန်လည်ရှင်းလင်းဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအုန်းသန်း(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့်၊ ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အထူးဧည့်သည်တော်များ မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သ ဂါရဝပြုအပ်ပါတယ်။ မကွေးတိုင်းဒေသကြီး၊ ရေစကြိုမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ဌေးအောင်ရဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ်မှာ လယ်ယာစိုက်ပျိုးရေးနှင့် စိုက်ပျိုးရေးဝန်ကြီးဝန်ကြီးဌာနကိုယ်စား ကျွန်တော် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားသွားမှာဖြစ်ပါတယ်။ ကြက်ဆူသီးနှံကို ခြံစည်းရိုးကြက်ဆူ(Jatropha)နှင့် အစေ့ကြားကြက်ဆူ (Castor) ဆိုပြီးတော့ ၂ မျိုး ရှိပါတယ်။ ခြံစည်းရိုးကြက်ဆူကို ကြိတ်၍ရတဲ့ ဆီဟာဆီသားကြည်ပြီး ဆီသားပျစ်ချွဲမှုနည်းသဖြင့် ဘိုင်အိုဒီဇယ်ဆီ အဖြစ်အသုံးပြုနိုင်ပါတယ်။ အစေ့ကြားကြက်ဆူ Castorဟာ ဆီသားပျစ်၍ အင်ဂျင်ဝိုင်ပြုလုပ်ရာတွင် လည်းကောင်း၊ အလှကုန်ပစ္စည်းများပြုလုပ်ရာတွင်လည်းကောင်း အသုံးပြုနိုင်ပါတယ်။ ခြံစည်းရိုးကြက်ဆူကို မြန်မာနိုင်ငံမှာ အပူပိုင်းဒေသများဖြစ်တဲ့ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်းနှင့် တောင်ပေါ်ဒေသဖြစ်တဲ့ ရှမ်းပြည်နယ်၊ ကယားပြည်နယ်တို့မှာ ရှေးနှစ်ပေါင်းများစွာကတည်းက ယာမြေများ၊ နေအိမ်များနှင့် ကျေးရွာခြံစည်းရိုးများမှာ ခြံစည်းရိုးပင်များအဖြစ် စိုက်ပျိုးအသုံးပြုခဲ့ကြပါတယ်။ ခြံစည်းရိုးကြက်ဆူပင်ဟာ ဆားပေါက်တဲ့မြေ၊ အခြားသီးနှံစိုက်၍မရတဲ့ Marginal Soil မြေညံ့တွေမှာ စိုက်ပျိုးနိုင်ခြင်း၊ မိုးရေချိန် အနည်းငယ်ဖြင့်ပင် ရှင်သန်ဖြစ်ထွန်းနိုင်ခြင်း၊ အပင်နှင့်အသီးအရွက်တို့ကို ကျွဲ၊ နွား၊ သိုး၊ ဆိတ်စတဲ့ တိရစ္ဆာန်များစားသောက်ခြင်း မပြုခြင်းတို့ကြောင့် ခြံစည်းရိုးပင်အဖြစ် ကျယ်ပြန့်စွာစိုက်ပျိုးခဲ့ကြပါတယ်။ ခြံစည်းရိုးကြက်ဆူသီးနှံကို အောက်ပါရည်ရွယ်ချက်များနဲ့ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ (က) ခြံစည်းရိုးကြက်ဆူကိုင်းများကို ထင်းအဖြစ်အသုံးပြုရန်၊ ခြံစည်းရိုးပင်များကို (Wind Break) လေကာပင်အဖြစ်နဲ့ စွမ်းရည် Loation သက်သာစေရေးအတွက် အသုံးပြုရန်၊ ဆားပေါက်မြေ၊ ကျပ်တီးကုန်းမြေစတဲ့ Marginal Soil မှာ မြေဆီလွှာထိန်းသိမ်းနိုင်ဖို့အတွက် ဆောင်ရွက်ရန်၊ အသီးမှရရှိတဲ့ ဆီကိုသားရေ

နယ်လုပ်ငန်းနှင့် ဆပ်ပြာချက်လုပ်ငန်းများတွင် အသုံးပြုရန်၊ လယ်ယာသုံးလက်တွန်း ထွန်စက်များမှာ Bio-diesel အဖြစ်ထည့်သွင်းမောင်းနှင်ရုံသာမက ကျေးလက်မီးလင်းရေးတွင် အသုံးပြုရန်၊ ကြက်ဆူကြိတ်ဖတ်ဟာ အပင်အဟာရခါတ်များဖြစ်တဲ့ နိုက်ထရိုဂျင် ၄.၄၄ ရာခိုင်နှုန်း၊ ဖော့စဖရပ် ၂.၀ ရာခိုင်နှုန်း၊ ပိုတက် ၁.၆ ရာခိုင်နှုန်းပါဝင်သဖြင့် သဘာဝမြေဩဇာအဖြစ် ကြိတ်ဖတ်များကို အသုံးပြုရန်၊ နောင်တစ်ချိန်မှာ ရေနံစိမ်းဈေးနှုန်းကြီးမြင့်လာပါက အစားထိုးလောင်စာအဖြစ်နဲ့ အသုံးပြုရန်၊ Carbon Credit ရရှိရန်နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိန်းရန်၊ ကျေးလက်နေ ပြည်သူများတစ်ဖက်တစ်လမ်းမှ ဝင်ငွေရရှိရန်စတဲ့ ရည်ရွယ်ချက်များနဲ့ ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။

ကမ္ဘာ့နိုင်ငံအများအပြားဟာ ရေနံစိမ်းဈေးတက်ခြင်းကြောင့် စီးပွားရေးနှင့် နိုင်ငံရေးမထိခိုက်စေရန် အစားထိုးလောင်စာ စွမ်းအင်များဖြစ်တဲ့ နျူးကလီယားစွမ်းအင်၊ ဇီဝလောင်စာဆီ စွမ်းအင်အသုံးချရေးတို့ကို ဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာနိုင်ငံမှာလည်းပဲ အိမ်နီးချင်းအိန္ဒိယ နိုင်ငံမှ ခြံစည်းရိုးကြက်ဆူမျိုးများကို ဒေသအတွင်းရှိမျိုးများနှင့် ရွေးချယ်မျိုးပွားပြီး စိုက်ပျိုးအကောင်အထည်ဖော်ခဲ့ပါတယ်။ အိမ်နီးချင်းအခြားနိုင်ငံများဖြစ်တဲ့ ထိုင်းနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ဂျပန်နိုင်ငံ၊ အာဖရိကနိုင်ငံတို့မှာလည်းပဲ ခြံစည်းရိုးကြက်ဆူပင်များအား စိုက်ပျိုးမှုရှိပါတယ်။ ရှေးယခင်ကတည်းက ခြံစည်းရိုးမှာ စိုက်ပျိုးခဲ့ခြင်းနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်းကြောင့် တိုင်းနှင့်ပြည်နယ်အသီးသီးမှာ ဌာနဆိုင်ရာအဖွဲ့အစည်းများ ရပ်ကွက်ကျေးရွာ အဖွဲ့အစည်းများဟာ စိုက်ခင်းအဖြစ် စိုက်ပျိုးမှုနည်းပါးပါတယ်။ ကားလမ်းမ ဘေးဝဲယာ၊ ရုံး၊ ကျောင်းအဆောက်အဦ၊ အိမ်၊ နေအိမ်၊ ခြံစည်းရိုးများ၊ တာဘောင်များနှင့် မြေညံ့တဲ့ Marginal Soil တွေမှာ စိုက်ပျိုးခဲ့ကြပါတယ်။ ဈေးနှုန်းနှင့်ဈေးကွက်အခြေအနေအပေါ် မူတည်ပြီးတော့ စိုက်ပျိုးထုတ်လုပ်မှုဟာ လျော့နည်းလာခဲ့တာ ဖြစ်ပါတယ်။ ထွက်ရှိလာတဲ့ ခြံစည်းရိုးကြက်ဆူများဟာ ပုဂ္ဂလိက ကုမ္ပဏီများဖြစ်တဲ့ First Myanmar Investment ကုမ္ပဏီ၊ Earth ကုမ္ပဏီ၊ ဂျပန်နိုင်ငံက JBEDC (Japanese Bio-Energy Development Company)တို့က ဝယ်ယူပြီးတော့ ပြည်ပကိုတင်ပို့ခြင်း၊ ဆီကြိမ်းထုတ်လုပ်ခြင်းတို့ကို ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ ကာဗွန်ဒိုင်အောက်ဆိုဒ် ထုတ်လွှတ်မှု လျှော့ချနိုင်ရေးအတွက် ကျိုတိုသဘောတူညီချက်အရ စက်မှုဖွံ့ဖြိုးသောနိုင်ငံတွေမှာ တွင်းထွက်ဒီဇယ်ဆီနှင့် ဇီဝဒီဇယ်ဆီကို ရောနှောအသုံးပြုလျက်ရှိပါတယ်။ ဥပမာ- ဥရောပနိုင်ငံ၊ ဘရာဇီးလ်၊ ဂျပန်အိမ်နီးချင်းနိုင်ငံဖြစ်သော ထိုင်းနိုင်ငံမှာ စွမ်းအင်လောင်စာဆီနဲ့ ၅ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းအထိ ရောနှောသုံးစွဲလျက်ရှိပါတယ်။ မြန်မာနိုင်ငံမှာလည်းပဲ ခြံစည်းရိုးကြက်ဆူဆီက ဇီဝဒီဇယ်ထုတ်လုပ်ခြင်းဟာ

လူထုအခြေပြုစီမံကိန်း (Community Based Bildiesel Project)အဖြစ်နဲ့ မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်ရှိတဲ့ လှိုင်းတက်ခြံမှာ ရွှေ့ပြေးသုတေသနစမ်းသပ်ချက်များ ဆောင်ရွက်ခဲ့ပါတယ်။ လောင်စာဆီဈေးနှုန်းပေါ် မူတည်ပြီးတော့ အနာဂတ်မှာအစားထိုးလောင်စာဆီနှင့် စက်မှုလုပ်ငန်းသုံးဆီ အဖြစ်ဆောင်ရွက်နိုင်ရေးအတွက် မျိုးကောင်းမျိုးသန့်ရရှိရေး၊ မျိုးကွဲများ Germ Plasm စုဆောင်း သုတေသနပြုခြင်း၊ ဒီဇယ်ဆီထုတ်လုပ်ခြင်း၊ ပုဂ္ဂလိက (First Myanmar Investment ကုမ္ပဏီ)နှင့် စိုက်ပျိုးရေး သုတေသနဦးစီးဌာနတို့မှာ သုတေသနလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိပါ ကြောင်းဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ယနေ့အတွက် မေးခွန်းများ မေးမြန်းခြင်းအစီအစဉ် ပြီးဆုံးပါပြီ။

## အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့သော ယှဉ်ပြိုင်မှုဥပဒေကြမ်းနှင့် စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား တစ်ပိုဒ်ချင်းစီအလိုက်ဆွေးနွေး၍ အတည်ပြုရန် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသား လွှတ်တော်မှာ စတင် တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့လာသော ယှဉ်ပြိုင်မှု ဥပဒေကြမ်းကို ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၉)ရက် မြောက်နေ့ဖြစ်သော ၁၇-၁၀-၂၀၁၄ ရက်နေ့တွင် လွှတ်တော်သို့ လက်ခံရရှိကြောင်းအသိပေးခြင်းနှင့် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်းများ ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ယင်းဥပဒေ ကြမ်းနှင့်စပ်လျဉ်းပြီး ဆွေးနွေးအတည်ပြုခြင်းများ ဆောင်ရွက်ပါမယ်။ ဒီလိုဆွေးနွေးရာမှာ ဥပဒေကြမ်း ၏ခေါင်းစဉ်၊ နိဒါန်းမှအစ အပိုဒ်၊ အပိုဒ်ခွဲများနှင့် ဥပဒေကြမ်းတစ်ခုလုံး ပါဝင်မှာဖြစ်ပါတယ်။ အပိုဒ်၊ အပိုဒ်ခွဲ အစဉ်လိုက် အတည်ပြုနိုင်ရေးဆောင်ရွက်ရာမှာ ပြင်ဆင်ချက်မရှိပါက မူလအဆိုပြုပြဋ္ဌာန်း ချက်များအတိုင်း အတည်ပြုနိုင်ရေး တင်ပြဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ပြင်ဆင်ချက်ရှိသော အပိုဒ်၊ အပိုဒ်ခွဲများအတွက် ပြင်ဆင်ချက်အဆိုတင်သွင်းထားတဲ့ ဥပဒေကြမ်းကော်မတီက သက်ဆိုင်ရာ အပိုဒ်၊ အပိုဒ်ခွဲအလိုက် ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ရှင်းလင်းဆွေးနွေးခြင်း များပြုလုပ်ပြီး လွှတ်တော်ရဲ့ ဆန္ဒသဘောထားရယူ၍ ဆုံးဖြတ်အတည်ပြုခြင်း၊ ပြည်သူ့လွှတ်တော်မှာ ပြင်ဆင်ခြင်းမပြုသည့် အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များကို အတည်ပြုခြင်းများ ဆောင်ရွက် သွားမှာဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၀ နည်းဥပဒေခွဲ(က)အရ ယှဉ်ပြိုင်မှုဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော် ၏ ပြင်ဆင်ချက်များအနက် သဘောတူသင့်သည့် ၃၆ ချက် တင်ပြရန် ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးခင်မောင်ရွှေ(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ တမူးမဲဆန္ဒနယ်မှ ဥပဒေကြမ်း ကော်မတီဝင် ဦးခင်မောင်ရွှေ ဖြစ်ပြီး ယှဉ်ပြိုင်မှုဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး လွှတ်တော်သို့ အဆို တင်သွင်းသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ယှဉ်ပြိုင်မှုဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်မှ ပြင်ဆင်ခြင်းများနှင့် ပေးပို့လာတဲ့အထဲမှာ အချက် ၃၆ ချက်အား အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များအတိုင်း သဘောတူသင့်ကြောင်း ဥပဒေကြမ်းကော်မတီက လက်ခံရရှိပါတယ်။ အဲ့ဒီအချက်တွေကတော့ ကန့်လန့်ဖြတ်ဇယားရဲ့ စာမျက်နှာ ၁ အမှတ်စဉ် ၅ အပိုဒ် ၁ အပိုဒ်ခွဲ(ဃ)၊ စာမျက်နှာ ၄ အမှတ်စဉ် ၁၁ အပိုဒ် (၂) အပိုဒ်ခွဲ(ည)နှင့်(ဋ)၊ စာမျက်နှာ ၆ အမှတ်စဉ် ၁၆ အပိုဒ် ၃ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ခ)နှင့်အပိုဒ်ခွဲ(ဂ)၊ စာမျက်နှာ ၆ အမှတ်စဉ် ၁၈ အပိုဒ် ၃ အပိုဒ်ခွဲ(ဃ)၊ စာမျက်နှာ ၇ အမှတ်စဉ် ၂၀ အပိုဒ် ၄ အပိုဒ်ခွဲ(ခ)၊ စာမျက်နှာ ၇ အမှတ်စဉ် ၂၂ အပိုဒ် ၄ အပိုဒ်ခွဲ(ဃ)၊ စာမျက်နှာ ၉ အမှတ်စဉ် ၃၀ အပိုဒ် ၈ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ (ဈ)၊ အပိုဒ်ခွဲ (ည)၊ အပိုဒ်ခွဲ (ဃ)၊ စာမျက်နှာ ၁၂ အမှတ်စဉ် ၃၇ အပိုဒ် ၈ အပိုဒ်ခွဲ(ဋ)၊ စာမျက်နှာ ၁၃ အမှတ်စဉ် ၄၂ အပိုဒ် ၉ အား ပယ်ဖျက်ခြင်း၊ စာမျက်နှာ ၁၄ အမှတ်စဉ် ၄၈ အပိုဒ် ၈ အပိုဒ်ခွဲ(ဂ)နှင့်အပိုဒ်ခွဲ(ဃ)၊ စာမျက်နှာ ၁၅ အမှတ်စဉ် ၅၆ အပိုဒ် ၁၂ အပိုဒ်ခွဲ(က)၊ စာမျက်နှာ ၁၈ အမှတ်စဉ် ၆၄ အပိုဒ် ၁၃ အပိုဒ်ခွဲ(ဃ)၊ စာမျက်နှာ ၁၈ အမှတ်စဉ် ၆၆ အပိုဒ် ၁၄ အပိုဒ်ခွဲ(က)နှင့် အပိုဒ်ခွဲ(ခ)၊ စာမျက်နှာ ၂၁ အမှတ်စဉ် ၇၇ အပိုဒ် ၁၇ အပိုဒ်ခွဲ(က)၊ အမှတ်စဉ် ၇၉ အပိုဒ် ၁၈ အပိုဒ်ခွဲ(က)နှင့် အပိုဒ်ခွဲ(ဂ)၊ စာမျက်နှာ ၂၂ အမှတ်စဉ် ၈၁ အပိုဒ် ၂၁၊ စာမျက်နှာ ၂၃ အမှတ်စဉ် ၈၃ အပိုဒ် ၂၂ အပိုဒ်ခွဲ(ခ)နှင့်အပိုဒ်ခွဲ(ဂ)၊ စာမျက်နှာ ၂၃ အမှတ်စဉ် ၈၅ အပိုဒ် ၂၂ အပိုဒ်ခွဲ(ဃ)၊ အမှတ်စဉ် ၈၇ အပိုဒ် ၂၃ အပိုဒ်ခွဲ(ခ)နှင့် အပိုဒ်ခွဲ(ဂ)၊ စာမျက်နှာ ၂၄ အမှတ်စဉ် ၉၀ အပိုဒ် ၂၄ အပိုဒ်ခွဲ(ခ)၊ စာမျက်နှာ ၂၅ အမှတ်စဉ် ၉၂ အပိုဒ် ၂၆၊ အမှတ်စဉ် ၉၄ အပိုဒ် ၂၆ အပိုဒ်ခွဲ(ခ)၊ အပိုဒ်ခွဲ(စ)နှင့် အပိုဒ်ခွဲ(ဆ)၊ စာမျက်နှာ ၂၆ အမှတ်စဉ် ၉၆ အပိုဒ် ၂၇၊ အမှတ်စဉ် ၉၈ အပိုဒ် ၂၉ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ်ခွဲ(ဃ)နှင့် အပိုဒ်ခွဲ(င)၊ စာမျက်နှာ ၂၇ အမှတ်စဉ် ၉၉ အပိုဒ် ၃၀၊ ကန့်လန့်ဖြတ်ဇယား ၂၈ အမှတ်စဉ် ၁၀၃ ပယ်ဖျက်ခြင်း၊

စာမျက်နှာ ၂၈ အမှတ်စဉ် ၁၀၄ အပိုဒ် ၃၁၊ စာမျက်နှာ ၂၉ အမှတ်စဉ် ၁၀၇ အပိုဒ် ၃၂ အပိုဒ်ခွဲ(ခ)နှင့် အပိုဒ်ခွဲ(ဂ)၊ စာမျက်နှာ ၃၀ အမှတ်စဉ် ၁၁၁ အပိုဒ် ၃၃ အပိုဒ်ခွဲ(ဂ)၊ စာမျက်နှာ ၃၄ အမှတ်စဉ် ၁၂၈ အပိုဒ် ၄၇၊ စာမျက်နှာ ၃၄ အမှတ်စဉ် ၁၃၀ အပိုဒ် ၄၈၊ စာမျက်နှာ ၃၅ အမှတ်စဉ် ၁၃၁ အပိုဒ် ၄၉၊ စာမျက်နှာ ၃၆ အမှတ်စဉ် ၁၃၆ အပိုဒ် ၅၁ နှင့် အမှတ်စဉ် ၁၃၇ အပိုဒ် ၅၂ တို့ဖြစ်ပါတယ်။ အထက်ဖော်ပြပါ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း သဘောတူသည့်အချက် ၃၆ ချက်အား လွှတ်တော်မှအတည်ပြုပေးနိုင်ပါရန် အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၀၊ နည်းဥပဒေခွဲ(ဃ)အရ ယှဉ်ပြိုင်မှုဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားသည့်အချက် ၁၀၂ ချက်အား တင်သွင်းဖို့ဖိတ်ခေါ်ပါတယ်။

**ဦးခင်မောင်ရွှေ(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့ လာတဲ့ ယှဉ်ပြိုင်မှုဥပဒေကြမ်းကို အမျိုးသားလွှတ်တော်မှာဆွေးနွေးခဲ့ပြီးတော့မှ ပြင်ဆင်ချက်များနဲ့ ပေးပို့လာပါတယ်။ အဲ့ဒီပြင်ဆင်ချက်အဆိုများတင်သွင်းရန် ဖိတ်ခေါ်ထားတဲ့အတွက် ရေဖြူမဲဆန္ဒနယ်မှ ဦးဝင်းဦး အား ဆွေးနွေးရန်အမည်စာရင်းပေးပို့ခဲ့ပါတယ်။ ဒါကြောင့်မိုလို့ ပြည်သူ့လွှတ်တော် ဥပဒေကြမ်း ကော်မတီအား ၂၇-၁၀-၂၀၁၄ ရက်နေ့မှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဦး၊ ရေဖြူ မဲဆန္ဒနယ် ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာသုံးသပ်ရေးကော်မရှင် အဖွဲ့ဝင်များ၊ ဥပဒေပြု ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကော်မတီအဖွဲ့ဝင်များနှင့် စီးပွားရေးနှင့် ကူးသန်းရောင်း ဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေး ကျင်းပခဲ့ရပါတယ်။ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဦး၊ ရေဖြူမဲဆန္ဒနယ်နှင့် ညှိနှိုင်းဆွေးနွေးခဲ့ရာမှာ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဟာ ယခင်စိစစ်ချက်များဖြစ်တဲ့အပိုဒ် ၈ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၁၂ အပိုဒ်ခွဲ(ဂ)၊ အပိုဒ် ၁၂ အပိုဒ်ခွဲ(ဃ)၊ အပိုဒ် ၁၅ အပိုဒ်ခွဲ(ဃ)၊ အပိုဒ် ၁၆ အပိုဒ်ခွဲ(စ)၊ အပိုဒ် ၁၆ အပိုဒ်ခွဲ(ဇ)၊ အပိုဒ် ၂၆ အပိုဒ်ခွဲ(ဃ)၊ အပိုဒ် ၃၅၊ အပိုဒ် ၃၀ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၄၀ နှင့် အပိုဒ် ၄၁ စုစုပေါင်း ၁၁ ချက်ကိုဥပဒေကြမ်းကော်မတီနှင့် ညှိနှိုင်းဆွေးနွေးပြီးတော့မှ ထပ်မံပြင်ဆင်ခဲ့ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ပြင်ဆင်ရန်တင်ပြချက်ဇယားများကိုလည်းပဲ လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီးဖြစ်ပါ တယ်။ သို့ဖြစ်ပါ၍ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ရန်တင်ပြချက် ၁၀၂ ချက်အား လွှတ်တော်မှ အတည် ပြုပေးနိုင်ပါရန် အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီက အဆိုနှစ်ခုတင်ပြသွားပါတယ်။ တစ်ခုကတော့ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်များအနက် သဘောတူသင့်သည့်အချက် ၃၆ ချက်၊ တစ်ဖန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၀၊ နည်းဥပဒေခွဲ(ဃ)အရ ယှဉ်ပြိုင်မှု ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်ထားသည့်အချက် ၁၀၂ ချက် အဆိုပြု တင်သွင်းထားပါတယ်။ ဒါနဲ့ပတ်သက်ပြီး လွှတ်တော်ကကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့အတွက် ယှဉ်ပြိုင်မှုဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့်အပိုဒ်၊ အပိုဒ်ခွဲ အတိုင်းအတည်ပြုရန်လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် အမျိုးသားလွှတ်တော်မှာ စတင်တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့်အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့လာသည့် ယှဉ်ပြိုင်မှုဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့်အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုကြောင်းနှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၀၀ အရ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် လိုက်လျောညီထွေမှုရှိမည့် ရွေးကောက်ပွဲစနစ် ပေါ်ပေါက်လာစေရန် လေ့လာသုံးသပ်ရေးကော်မရှင်၏ အစီရင်ခံစာနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁) ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၁)ရက်မြောက်နေ့တွင် တင်သွင်းခဲ့တဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် လိုက်လျောညီထွေမှုရှိမည့် ရွေးကောက်ပွဲစနစ်ပေါ်ပေါက် လာစေရန် လေ့လာသုံးသပ်ရေးကော်မရှင်ရဲ့ အစီရင်ခံစာနှင့်စပ်လျဉ်းပြီး ဆွေးနွေးခြင်းများကို ဆက်လက်ပြုလုပ်သွားမှာဖြစ်ပါတယ်။ တံတားဦးမဲဆန္ဒနယ်မှ ဒေါ်ခင်သန္တာ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါ်ခင်သန္တာ(တံတားဦးမဲဆန္ဒနယ်)**။ ။ အားလုံး မင်္ဂလာပါရှင်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင့်။ ဒီအစီရင်ခံစာကို ပြည့်စုံစွာဖြန့်ဝေခြင်းမရှိခဲ့ပါဘူး။ စနစ်တွေကိုပဲ ဖြန့်ဝေပေးခဲ့တာ ဖြစ်ပါတယ်။ ကော်မရှင်ရဲ့ ပြုစုထားတဲ့အစီရင်ခံစာက တစ်မျိုး၊ ကိုယ်စားလှယ်များကို ဝေထားတာက တစ်မျိုး၊ နှုတ်နဲ့ဖတ်ကြားတင်သွင်းသွားတာက တစ်မျိုး ဖြစ်နေပါတယ်။ ဒါကြောင့်မို့လို့ ကျွန်မတို့

ကိုယ်စားလှယ်တွေ အခက်အခဲဖြစ်ရပါတယ်။ စာမျက်နှာ ၅ဝ ကျော်ကို လုံးဝဖြန့်ဝေခြင်းမရှိဘဲ နှုတ်နဲ့သာ ဖတ်ကြားသွားခဲ့ခြင်းဖြစ်ပါတယ်။ ဒီအစီရင်ခံစာဖြစ်ဖို့အတွက် ကိုယ်စားလှယ်တွေဟာ သုံးလနီးပါး ဝေဖန်ပြုစုခဲ့ရတာပါ။ လွှတ်တော်ထဲမှာလည်း အသက်ဝင်စွာ ဆွေးနွေးခဲ့ကြပါတယ်။ ထို့အတူပဲ မြို့နယ်အချို့မှ ပြည်သူများကလည်း အသည်းအသန်ကန့်ကွက်နေကြပါတယ်။ အဆိုရှင်များကိုရော၊ စနစ်ကိုရော၊ လွှတ်တော်ကိုရော အပြင်းအထန်ဝေဖန်ခံနေရပါတယ်။ ဒီအစီရင်ခံစာမှာ နည်းလမ်း (၈)မျိုးကို တင်ပြထားပေမယ့် အမှန်တကယ်အကြံပြုခဲ့တာကတော့ (၃)မျိုးပဲ ရှိပါတယ်။ ပထမဦးစွာ FPTP စနစ်အတွက် ပြည်သူလူထုအတွေ့အကြုံရှိပြီးဖြစ်ကြောင်းနှင့် မြန်မာနိုင်ငံအတွက် သင့်လျော်သောရွေးကောက်ပွဲစနစ်တစ်ခုဖြစ်ကြောင်း အစီရင်ခံထားပါတယ်။ ဒီအချက်နဲ့တင်ပဲ လုံလောက်ပြီးပြည့်စုံတယ်လို့ ယူဆပါတယ်။ ဒီစနစ်မှာ အမျိုးသမီးပါဝင်မှုများဖို့အတွက် ပါတီများ၏မူဝါဒသည် အခရာဖြစ်ကြောင်း၊ ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲမှာ ဝင်ရောက်လာတဲ့ ကျွန်မတို့အဖွဲ့ချုပ်ရဲ့ အမျိုးသမီးများပါဝင်မှု ရာခိုင်နှုန်းက အပြောနဲ့မဟုတ် အလုပ်နဲ့သက်သေပြပြီးဖြစ်ပါတယ်။ FPTP စနစ်က အမျိုးသမီးကိုယ်စားလှယ်ဖြစ်ခွင့်ကို ပိတ်ပင်ဟန့်တားမှုမရှိဘဲ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၅၉ ပုဒ်မခွဲ(စ)ကသာ အမျိုးသမီးတစ်ဦးကိုရည်ရွယ်ပြီး သမ္မတဖြစ်ခွင့်ပိတ်ပင်ထားကြောင်း ပညာရှင်များ၊ နိုင်ငံရေး လေ့လာသုံးသပ်သူများနှင့် မီဒီယာများက တောက်လျှောက်ဝေဖန်ခံနေရတယ်ဆိုတဲ့အချက်ကို ကျွန်မတို့ကိုယ်စားလှယ်များက သတိပြုပြင်ဆင်ရမှာ ဖြစ်ပါတယ်။ စက်တင်ဘာလ ၂၇ ရက်နှင့် ၂၈ ရက်နေ့များက လွှတ်တော်ကနေ စီစဉ်ကျင်းပပေးတဲ့ အမျိုးသမီးလွှတ်တော်များအတွက် အောင်မြင်မှုမဟာဗျူဟာများ ခေါင်းစဉ်နဲ့ မြန်မာ၊ အာရှနှင့်ကနေဒါနိုင်ငံတို့မှ အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များ အပြန်အလှန်အသိပညာ ဖလှယ်ဆွေးနွေးခဲ့ကြပါတယ်။ အဲ့ဒီဆွေးနွေးပွဲမှာ အာဖရိကမှ အမျိုးသမီးများအတွက် သုတေသနပညာရှင် အမျိုးသမီးရဲ့အတည်ပြုပြောဆိုချက်က စနစ်ကြောင့်မဟုတ်ဘဲ ပါတီများရဲ့ဖွဲ့စည်းပုံ၊ မူဝါဒ၊ ကျား/မတန်းတူမှု၊ အမျိုးသမီးဦးစားပေးမှုစတဲ့အချက်များ အပေါ်မူတည်ကြောင်း ဆွေးနွေးသွားခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ ဒီ FPTP စနစ်မှာ ကိုယ်စားလှယ်တွေဟာ မိမိကိုယ်စားပြုရွေးချယ်ခဲ့ရတဲ့ မဲဆန္ဒနယ်အတွက် ဒေသဖွံ့ဖြိုးရေးမှစပြီးတော့မှ နိုင်ငံ့အကျိုးအထိ ဥပဒေနှင့်အညီ ထိရောက်စွာ ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ တာဝန်မကျေတဲ့ကိုယ်စားလှယ်တွေကိုလည်း ပြန်ခေါ်လို့ရတဲ့၊ ပြန်လည်ရုပ်သိမ်းလို့ရတဲ့ ဥပဒေလည်းရှိပါတယ်။ ဒီစနစ်ကြောင့်မို့လို့ ကိုယ်စားလှယ်တွေဟာ အမှန်တကယ် အရည်အချင်းရှိပြီး ပြည်သူကို အမှန်တကယ်ကိုယ်စားပြုမှာ ဖြစ်ပါတယ်။ ဒါကြောင့် အဖက်ဖက်မှ

ပြည့်စုံမှုမရှိတဲ့ အသွင်ကူးပြောင်းစ ကျွန်မတို့နိုင်ငံအတွက် အင်မတန်မှ အကျိုးရှိစေမှာ ဖြစ်ပါတယ်။ အဲ့ဒီလိုမဟုတ်ဘဲ PR နှင့် ပါတီစာရင်းအရ ဖြစ်လာတဲ့ကိုယ်စားလှယ်ဟာ ကိုယ့်ဆန္ဒ၊ ကိုယ့်မဲဆန္ဒနယ်နှင့် ပြည်သူကိုမသိ၊ ပြည်သူကလည်း ကိုယ့်ကိုယ်စားလှယ် ဘယ်သူ၊ ဘယ်အကျင့်၊ ဘယ်စရိုက်ရှိတယ်ဆိုတာ မသိတဲ့ ကိုယ်စားလှယ်များသာဖြစ်လာပြီး ဘုမသိ၊ ဘမသိ လွှတ်တော်တွေပဲ ဖြစ်လာပါလိမ့်မယ်။ FPTP စနစ်နဲ့ ရာစုနှစ်များစွာ တည်ငြိမ်စွာရပ်တည်လာတဲ့ ဒီမိုကရေစီနိုင်ငံတွေရှိပါတယ်။ ကော်မရှင်က ဥပမာပေးထားတဲ့ PR စနစ်ကျင့်သုံးတဲ့ ထိုင်းနိုင်ငံဆိုရင် အခုအခါမှာ စစ်တပ်က အာဏာသိမ်းထားပါတယ်။ ဆိုလိုချင်တာက စနစ်ကြောင့် နိုင်ငံရေးမတည်ငြိမ်ရတာ မဟုတ်ဘဲ အာဏာကိုမက်မောတဲ့ အာဏာကိုအလွဲသုံးစားလုပ်ခဲ့သူများကြောင့်သာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ PR စနစ်နဲ့ပတ်သက်ပြီးတော့မှ ဆက်လက်ဆွေးနွေးတင်ပြလိုပါတယ်။ တစ်နိုင်ငံလုံးရဲ့ မဲအရေအတွက်အပေါ်မှာမူတည်ပြီး ကိုယ်စားလှယ် အချိုးကျခွဲဝေယူကြတာပါ။ ပါတီခေါင်းဆောင်တွေကို ကိုယ်စားလှယ်ရွေးချယ်ခွင့် အာဏာပေးထားသလိုဖြစ်နေပါတယ်။ ပါတီတွင်းပြဿနာများစွာ ရှုပ်ထွေးစေမယ့်အပြင် ကိုယ်စားလှယ်များက ပြည်သူကို ဥပေက္ခာပြုပြီး ပါတီခေါင်းဆောင်များရဲ့ ဆန္ဒအတိုင်းသာဆောင်ရွက်ကြမယ့်စနစ်ဆိုးတစ်ခုလို့ မြင်ပါတယ်။ PR စနစ်အပါအဝင် FPTP စနစ်မှလွဲသော ကျန်စနစ်အားလုံးမှာ အားနည်းချက်များစွာ ရှိနေပါတယ်။ ပြောင်းလဲကျင့်သုံးမယ်ဆိုရင် ကုန်ကျစရိတ်များစွာ ကုန်ကျမယ့်အပြင် အချိန်များစွာ ယူရပါမယ်။ စီမံခန့်ခွဲမှုလည်း အားနည်းချက်တွေ ပေါ်ထွက်လာဦးမှာ ဖြစ်ပြီးတော့မှ ကျွန်မတို့ အစိုးရအတွက်ကော ပြည်သူအတွက်ကော အခက်အခဲကြုံစေမှာဖြစ်ပါတယ်။ ကိုယ်စားလှယ်တချို့က ကြားဖြတ်ရွေးကောက်ပွဲမကျင်းပရတာ အားသာချက်တစ်ခုဖြစ်ကြောင်း ဆွေးနွေးကြပါတယ်။ ပြည်သူက အစိုးရသက်တမ်းကာလတစ်ခုလုံး ပါတီတစ်ခုကို ကြိုက်ကြိုက်၊ မကြိုက်ကြိုက် မဲပေးရမယ်ဆိုတဲ့ သဘောသက်ရောက်နေပါတယ်။ ဒီမိုကရေစီဆိုတာ ပြည်သူ့ရွေးချယ်ခွင့်ပဲဖြစ်သင့်ပါတယ်။ ၂၀၁၀ မှာ ပါတီများ မဲပေးမှုနှင့် ၂၀၁၂ ကြားဖြတ်မှာ ပါတီများမဲပေးမှု ဘယ်လောက်ကွာသလဲ ပြည်သူ့ရွေးချယ်ကြိုက်နှစ်သက်မှု၊ အားပေးယုံကြည်မှု ဘယ်လောက်အတိုင်းအတာအထိ ပြောင်းလဲခဲ့တယ်ဆိုတဲ့အချက်ကို ကျွန်မတို့တွေ သိရှိခဲ့ပြီးဖြစ်ပါတယ်။ ရေဖြူမဲဆန္ဒနယ်က ဦးဝင်းဦးက FPTP စနစ်ကို ထောက်ခံသွားတယ်လို့ ကျွန်မထင်ပါတယ်။ ဒါပေမယ့် တင်ပြခဲ့တဲ့ ခိုင်လုံမဲ ဒုတိယ၊ တတိယ စသည့် ရရှိတဲ့သူကို လစ်လပ် စာရင်းမှာ ဆက်လက်တင်ပေးဖို့ ပြောပါတယ်။ ဒါဟာ ကိုယ်စားလှယ်လောင်းများရဲ့ အမှန်တကယ် ပြည်သူထောက်ခံမှု၊ အမှန်တကယ်မဲရရှိမှု မှတ်တမ်းများကို ကွဲလွဲစေမှာဖြစ်ပါတယ်။ ပထမအကြိမ်မှာ ဒုတိယ၊

တတိယရခဲ့တဲ့ကိုယ်စားလှယ်ဟာ နောက်တစ်ကြိမ်မှာ ပထမ ဖြစ်နိုင်သလို စတုတ္ထ၊ ပဉ္စမ စသဖြင့် ပြောင်းလဲသွားနိုင်ပါတယ်။ မဲဆန္ဒနယ်လစ်လပ်မှုမရှိဖို့ဟာ အင်မတန်အရေးကြီးပါတယ်။ အဲ့ဒါကို ဥပဒေနဲ့ပဲ ဖြေရှင်းရမှာပဲဖြစ်ပါတယ်။ လစ်လပ်ပြီး ဘယ်နှစ်ရက်၊ ဘယ်နှစ်လကြာရင် ကြားဖြတ်ရွေးကောက်ပွဲကျင်းပရမယ်လို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေမှာ ပြဋ္ဌာန်းဖို့ပဲ ဖြစ်ပါတယ်။

PR စနစ်နဲ့ပတ်သက်ပြီး တစ်နိုင်ငံလုံးရဲ့ ဒီစနစ်အားလုံးမှာ ညွန့်ပေါင်းအစိုးရပဲ ဖွဲ့စည်းနိုင်မှာဖြစ်ပါတယ်။ ယခု လက်ရှိဖွဲ့စည်းပုံအခြေခံဥပဒေအရ တပ်မတော်ရဲ့အာဏာ ခွဲဝေရယူထားမှုဟာ ရာခိုင်နှုန်းအားဖြင့် များစွာရှိနေပါတယ်။ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီမှာအစပြုပြီး ကာကွယ်ရေးဦးစီးချုပ်ရဲ့ လက်အောက်မှာရှိနေတဲ့ ဝန်ကြီးဌာနများနှင့် တပ်မတော်သားများ နေရာယူထားတဲ့ ဝန်ကြီးဌာနများစွာ ရှိနေပါတယ်။ ဥက္ကဋ္ဌကြီးရှင့်။ ယခု လက်ရှိအခြေအနေမှာကိုပဲ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးနှင့် ပတ်သက်ပြီး တစ်နိုင်ငံလုံးမှာရှိနေတဲ့ ပြည်သူများ ရွေးချယ်ထားတဲ့ ပြည်သူ့ကိုယ်စားလှယ်အားလုံးက ပြင်းပြတဲ့ဆန္ဒနဲ့ အကောင်အထည်ဖော်ဖို့ ကြိုးစားနေတဲ့အချိန်မှာ ပြည်သူတစ်ဦးတစ်ယောက်ကမှ မရွေးချယ်ခဲ့တဲ့ တပ်မတော်သားကိုယ်စားလှယ် ၂၅ ရာခိုင်နှုန်းထဲက တစ်ဦးကမှ လက်မခံခဲ့ဘူးဆိုရင် ပြင်ဆင်လို့မရနိုင်တဲ့ အာဏာခွဲဝေမှုပုံစံမျိုးပဲ ရှိနေပါသေးတယ်။ ဒီလိုဥပဒေ၊ ဒီလိုအခြေအနေမျိုးမှာ ထပ်ပြီးညွန့်ပေါင်းအစိုးရဖွဲ့ရမယ်ဆိုရင် အာဏာခွဲဝေမှုအစိတ်စိတ်အမွှာမွှာ ထပ်ဖြစ်မှာဖြစ်ပါတယ်။ ဒီမိုကရေစီအရေးပြောင်းလဲမှုများ ဆုံးဖြတ်ရာမှာ ပြည်သူ့အာဏာသက်ရောက်မှု လုံးဝမရှိတော့မယ့်အခြေအနေလို့ ယူဆပါတယ်။ အကြီးမားဆုံးအန္တရာယ်ကတော့ အစွန်းရောက်များ ဝင်ရောက်လာနိုင်တာပဲဖြစ်ပါတယ်။ အခုလက်ရှိအခြေအနေမှာ ဘာသာရေး၊ လူမှုရေး၊ လူမျိုးရေး၊ နိုင်ငံရေးအခြေအနေဟာ ဘယ်လောက်ထိ ဘာကြောင့် ရှုပ်ထွေးနေတယ်ဆိုတာ နိုင်ငံရေးကိုစိတ်ဝင်စားတဲ့ ကျွန်မတို့ပြည်သူတွေအားလုံး အကဲခတ်မိနေကြပါတယ်။ စနစ်တိုင်းမှာ အားနည်းချက်၊ အားသာချက်များရှိပါတယ်။ FPTP စနစ်ရဲ့ အားနည်းချက်ကို ကျွန်မတို့ပြည်သူတွေအားလုံး သိရှိပြီး ကျော်လွှားနိုင်ခဲ့ပြီးဖြစ်ပါတယ်။ FPTP စနစ်မှလွဲသော ကျန်စနစ်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ညီ/မညီကို ခုံရုံးရဲ့ အဆုံးအဖြတ်ယူရမယ်လို့ ကိုယ်စားလှယ် အများစုက ဆွေးနွေးကြပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မညီညွတ်တဲ့ကိစ္စတွေဟာ ပြည်သူတွေ ကန့်ကွက်နေပါလျက် ကျွန်မတို့လွှတ်တော်ကနေပြီးတော့မှ ဆောလျင်စွာ မဆောင်ရွက်စေလိုပါဘူး။ နိဂုံးချုပ်အနေနဲ့ တင်ပြလိုတာကတော့ ကော်မရှင်အနေနဲ့ ပြည်သူ့အရပ်ဖက်အဖွဲ့အစည်းများ၊ ပြည်သူများနှင့်

တွေ့ဆုံ၍ စနစ်အကြောင်းများကိုရှင်းပြခြင်း၊ သဘောထားများရယူခြင်း မလုပ်ခဲ့တဲ့အပြင် ပြည်သူ့ဆန္ဒ သဘောထား ဖော်ထုတ်ကန့်ကွက်မှုများကို ဖမ်းဆီး၊ တရားစွဲ၊ ထောင်ချ၊ လျစ်လျူရှုရာ ရောက်နေပါတယ်။ ဒါကြောင့်မို့လို့ ပြည်သူ့ဆန္ဒရယူပြီးမှသာ ဆောင်ရွက်သင့်ပါကြောင်းနှင့် ကျွန်မတို့နိုင်ငံအတွက် FPTP စနစ်ကိုပဲ ဆက်လက်ကျင့်သုံးသင့်ပါကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးသိန်းရီ၊ ထန်းတပင်မဲဆန္ဒနယ်မှ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးသိန်းရီ(ထန်းတပင်မဲဆန္ဒနယ်)**။ ။ အားလုံး မင်္ဂလာပါ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းရီ ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် လိုက်လျောညီထွေမှုရှိမည့် ရွေးကောက်ပွဲစနစ်ပေါ်ပေါက်လာစေရန် လေ့လာသုံးသပ်ချက် အစီရင်ခံစာနှင့်စပ်လျဉ်း၍ အစီရင်ခံစာပါ ရွေးကောက်ပွဲစနစ် (၈)ခုအနက် ရွေးကောက်ပွဲစနစ်(၄)အပေါ် ဆွေးနွေးအကြံပြုသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် လိုက်လျောညီထွေရှိသည့် ရွေးကောက်ပွဲစနစ်ပေါ်ပေါက်လာစေရန် လေ့လာသုံးသပ်ရေးကော်မရှင်သည် ရွေးကောက်ပွဲစနစ်များအား ကျယ်ကျယ်ပြန့်ပြန့်လေ့လာသုံးသပ်ပြီး တင်ပြထားသည်ကို နိုင်ငံတော်အတွက်လည်းကောင်း၊ ပြည်သူအတွက်လည်းကောင်း ဂုဏ်ယူပါကြောင်း ပြောကြားလိုပါတယ်။ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၀၈ အရ လွှတ်တော်၏ ခွင့်ပြုချက်ဖြင့် ကော်မရှင်ကို ဖွဲ့စည်းခဲ့ပါတယ်။ နည်းဥပဒေ ၁၀၉ အရ ကော်မရှင်၏ တာဝန်နှင့်လုပ်ပိုင်ခွင့်အရ လေ့လာသုံးသပ်ချက်အစီရင်ခံစာအားတင်သွင်းပြီး တည်ဆဲဥပဒေအရ ညီညွတ်မှုရှိကြောင်း ပြောကြားလိုပါတယ်။ ကော်မရှင်၏ရည်ရွယ်ချက်မှာ ရွေးကောက်ပွဲစနစ်ပေါ်ပေါက်လာစေရန် လေ့လာခြင်း၊ သုံးသပ်ခြင်းများကို အစီရင်ခံထားခြင်းဖြစ်၍ ရွေးကောက်ပွဲစနစ်(၈)နည်းအနက် ဘယ်နည်းစနစ်အား အသုံးပြုသင့်ကြောင်း၊ အသုံးပြုမည်ဆိုတဲ့စနစ်သည် နိုင်ငံအတွက်၊ ပြည်သူအတွက် လိုက်လျောညီထွေ ရှိ/မရှိ ဆွေးနွေးရန်သာဖြစ်ပါတယ်။ စနစ်ဆိုသည်မှာ အဘိဓာန်စာမျက်နှာ ၉၃ အရ နည်းလမ်းပင် ဖြစ်ပါတယ်။ လုပ်ဖို့အတွက်၊ လုပ်ကိုင်ဖို့အတွက် အဆင့်တစ်ခုသာရှိပါသေးကြောင်း ကော်မရှင်၏အစီရင်ခံစာပါ ရွေးကောက်ပွဲစနစ်ပေါ်ပေါက်လာစေရန် ရွေးကောက်ပွဲနည်းလမ်း တင်ပြထားခြင်း အပေါ် ကိုယ်စားလှယ်အချို့က ပြည်သူ့ဆန္ဒအား အလေးထားသင့်ကြောင်း ဖွဲ့စည်းပုံအခြေခံဥပဒေ နှင့်မကိုက်ညီကြောင်း၊ ဥပဒေကို ကျူးခြင်း၊ ချိုးခြင်း မလုပ်သင့်ကြောင်း စသော

အချက်များသည် အစီရင်ခံစာပါ ရွေးကောက်ပွဲနည်းလမ်းအပေါ် ဆွေးနွေးရမည့်အစား အဆင့်ကျော်၍ လိုရာဆွဲ ဆွေးနွေးခြင်းသာဖြစ်ကြောင်း သုံးသပ်ရရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကော်မရှင်၏အစီရင်ခံစာပါ ရွေးကောက်ပွဲစနစ် (၄)သည် မဲအများဆုံးရသူအနိုင်ယူတဲ့စနစ် FPTP နှင့် PR အချိုးကျ ကိုယ်စားပြုစနစ်တို့ကို ပေါင်းစပ်ထားခြင်းဖြစ်ပါတယ်။ အဆိုပါ ရွေးကောက်ပွဲစနစ်သည် ၅၀ ရာခိုင်နှုန်းအပေါင်း တစ်ရရှိလျှင် တိုက်ရိုက်ရွေးချယ်မှု FPTP စနစ်အရ မဲဆန္ဒရှင်ထက်ဝက်ကျော် အများစု၏ဆန္ဒကို လိုက်နာရခြင်းဖြစ်ပါတယ်။ ၅၀ ရာခိုင်နှုန်းအောက်လျော့နည်းပြီး ဆန္ဒမဲရရှိသူ၏ ဆန္ဒမဲများကို ပြန်လည်ရေတွက်ပေးပြီး ပါတီ၏ တန်းစီဇယားအလိုက် ရွေးချယ်ခြင်းသည် လူနည်းစု၏ဆန္ဒကို အလေးထားရာရောက်ကြောင်း ဒီမိုကရေစီပိုကျကြောင်း တွေ့ရှိရပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရွေးကောက်ပွဲနည်းလမ်း(၄)တွင် မဲဆန္ဒနယ် သတ်မှတ်ခြင်းသည် တိုင်းခုနစ်ခု၊ ပြည်နယ်ခုနစ်ခုအတွက် မဲ ၃၃၀ သတ်မှတ်ထားကြောင်း၊ ကိုယ်စားလှယ်လောင်းသည် မဲဆန္ဒနယ်တစ်နယ်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်ဖြစ်ပါကြောင်း၊ ရွေးကောက်တင်မြှောက်ခြင်းအတွက် လွှတ်တော်အလိုက် မဲဆန္ဒရှင်များသည် တစ်မဲသာပေးရမည်ဖြစ်သောကြောင့် မဲပေးသောစနစ် ပြောင်းလဲမှုမရှိကြောင်း တွေ့ရှိရပါတယ်။ မဲဆန္ဒနယ်ရှင် ထက်ဝက်ကျော်အနိုင်ရသဖြင့် ကိုယ်စားလှယ်အဖြစ် အရွေးခံရမည်ဖြစ်ပါတယ်။ ဒါ့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၉ ပုဒ်မခွဲ(က)၊ ပုဒ်မ ၃၆၉ ပုဒ်မခွဲ(က)၊ ပုဒ်မ ၃၉၁ ပုဒ်မခွဲ(ခ)၊ ပုဒ်မ ၃၉၃ ပုဒ်မခွဲ(က)၊ ပုဒ်မ ၁၀၉ ပုဒ်မခွဲ(က)၊ ပုဒ်မ ၁၄၄ ပုဒ်မခွဲ(က)နှင့်တို့နှင့် ညီညွတ်ပါသဖြင့် ရွေးကောက်ပွဲစနစ်နည်းလမ်း(၄) သည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအား သွေဖည်ခြင်း၊ ဆန့်ကျင်ခြင်းမရှိကြောင်း သုံးသပ်ရရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ အခန်း(၉) ရွေးကောက်တင်မြှောက်ခြင်းအခန်း တွင် လွှတ်တော်များသို့ ပြည်သူ့ကိုယ်စားလှယ်များ ရွေးချယ်တင်မြှောက်ခြင်း ပုဒ်မ ၃၉၁ မှ ၄၀၃ အထိ ပြဋ္ဌာန်းထားချက်များသည် FPTP မဲများသူအနိုင်ယူစနစ်တစ်ခုတည်းကိုသာ ကျင့်သုံးရမည်ဟု မပါရှိကြောင်း PR ခေါ် အချိုးကျကိုယ်စားပြုစနစ်ကို ရွေးကောက်ပွဲစနစ်တွင် သုံးစွဲရန်မလိုကြောင်း ပြဋ္ဌာန်းထားခြင်းမရှိပါသဖြင့် ယခုတင်ပြသော ရွေးကောက်ပွဲစနစ်(၄)သည် မဲဆန္ဒရှင် ထက်ဝက်ကျော်အနိုင်ယူရွေးချယ်ခြင်း နည်းလမ်းဖြစ်သောကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်ခြင်းမရှိဘဲ ရွေးကောက်ပွဲဥပဒေနှင့် လိုက်လျောညီထွေရှိကြောင်း သုံးသပ်ရရှိမိပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ FPTP စနစ်တစ်ခုတည်းကိုသာ ဆက်လက်ကျင့်သုံးမည်ဆိုပါက အနိုင်ရပါတီသည် ဒီမိုကရေစီနည်းလမ်းအရ အနိုင်ကျင့်ဗိုလ်ကျမည့်အပြင် သမာတည်၏ အာဏာချုပ်ကိုင်မှုဖြင့် ရပ်တည်နေပြီဆိုပါက အတ္တကြီးသူ၊ လောဘကြီးသူဟု မေးခွန်းထုတ်စရာဖြစ်နေပါတယ်။ ၅၀ ရာခိုင်နှုန်းအပေါင်းတစ်မဲ မရရှိသူ ကိုယ်စားလှယ်များအား မဲပေးခဲ့သော ပြည်သူ့မဲများ အလဟဿ မရှုံးဆုံးစေဘဲ ပါတီ၏ခိုင်လုံမဲအဖြစ်ပြောင်းလဲကာ ကိုယ်စားလှယ်လောင်းအဖြစ် ရွေးချယ်သွားခြင်းကြောင့် ပါတီတိုင်း၊ လူမျိုးတိုင်းပါဝင်လာပြီး အမျိုးသားအကျိုးစီးပွားနှင့် ငြိမ်းချမ်းရေးလုပ်ငန်းများကို အခြေပြုဖော်ဆောင်နိုင်မည့်အပြင် မဲပေးသူပြည်သူအားလုံးကို အလေးထားရာရောက်ကြောင်း သုံးသပ်ရရှိမိပါတယ်။

ဒါကြောင့် တစ်ပါတီကြီးစိုးမှုမရှိရအောင် အများပြည်သူလိုလားပြီး လွယ်ကူသည့်အပြင် ကိုယ်စားပြုညီညွတ်မျှတပြီး တည်ငြိမ်အေးချမ်းမှုကို ရှေးရှုပါသော မဲဆန္ဒရှင်ပြည်သူများနှင့် ပါတီငယ်များအတွက် တရားမျှတမှုရှိစေသော အနိုင်ယူစနစ်အပေါင်း ရှုံးသူအချိုးကျ ပေါင်းစပ်ထားပါသဖြင့် နိုင်ငံတော်၏ ဒီမိုကရေစီဖော်ဆောင်မှုကို အထောက်အကူပြုမှု အများဆုံးရရှိနိုင်သော ရွေးကောက်ပွဲစနစ်ဖြစ်ပါသောကြောင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် လိုက်လျောညီထွေမှုရှိမည့် ရွေးကောက်ပွဲစနစ်ဖြစ်ပေါ်လာရေး ကော်မရှင်၏ရွေးကောက်ပွဲစနစ်(၄)အား ရွေးချယ်သင့်ကြောင်း ဆွေးနွေးအကြံပြုရင်း နိဂုံးချုပ်အပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒုတိယဗိုလ်မှူးကြီးကျော်မြင့်၊ တပ်မတော်သားကိုယ်စားလှယ်က ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒုတိယဗိုလ်မှူးကြီးကျော်မြင့်(တပ်မတော်သားကိုယ်စားလှယ်)**။ ။ အားလုံးပဲ မင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားတဲ့ဧည့်သည်တော်ကြီးများ ဆန္ဒ၊ ဘ၀ ထပ်တူရှိကြပါစေလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးကျော်မြင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် လိုက်လျောညီထွေမှုရှိမည့် ရွေးကောက်ပွဲစနစ်ပေါ်ပေါက်လာစေရန် သုံးသပ်ရေးကော်မရှင်၏ အစီရင်ခံစာပေါ်တွင် အကြံပြုဆွေးနွေးတင်ပြသွားမှာဖြစ်ပါတယ်။ ကော်မရှင်ကတင်ပြတဲ့ အစီရင်ခံစာမှာ ကမ္ဘာပေါ်မှာရှိတဲ့နိုင်ငံအသီးသီးတွင် လက်ခံကျင့်သုံးလျက်ရှိတဲ့ ရွေးကောက်ပွဲစနစ်အသီးသီးနဲ့ မြန်မာနိုင်ငံတွင်ကျင်းပပြုလုပ်ခဲ့တဲ့ ရွေးကောက်ပွဲများကို ရှင်းလင်းတင်ပြခဲ့ပြီး ကျွန်တော်တို့နိုင်ငံနှင့်လိုက်လျောညီထွေမှုရှိနိုင်

မယ့် ရွေးကောက်ပွဲပုံစံ(၈)မျိုးကို ရှင်းလင်းတင်ပြခဲ့တာတွေ့ရပါတယ်။ ၎င်းတင်ပြချက်များအနက် FPTP မဲအများဆုံးရသူအနိုင်ယူစနစ်နဲ့ ကော်မရှင်မှလေ့လာတွေ့ရှိထားတဲ့ ပေါင်းစပ်ထားသောစနစ် ၅၀ ရာခိုင်နှုန်းအပေါင်းတစ် စနစ်နှစ်မျိုး၏အားသာချက်၊ အားနည်းချက်တို့အား တင်ပြသွားရန် စီစဉ်ထားရှိသော်လည်း ကျွန်တော့်ရှေ့တွင်ဆွေးနွေးသွားတဲ့ ကိုယ်စားလှယ်တော်ကြီးများမှ အသေးစိတ်ရှင်းလင်းတင်ပြသွားပြီးဖြစ်သဖြင့် တင်ပြခြင်းမပြုတော့ဘဲနဲ့ ကျွန်တော်ရဲ့အကြံပြုတင်ပြချက်ကိုသာ ဆွေးနွေးတင်ပြသွားမှာဖြစ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွက် မည်သည့်ရွေးကောက်ပွဲစနစ်ကိုကျင့်သုံးသည်ဖြစ်စေ ရွေးကောက်ပွဲစနစ်များသည် ပြည်သူများအတွက် ရှင်းလင်းလွယ်ကူရပါမယ်။ ပြည်သူများကြိုက်နှစ်သက်သည့်စနစ် ဖြစ်ရပါမယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ဆန့်ကျင်မှုမရှိဘဲ ဒို့တာဝန်အရေး(၃)ပါးအား ထိခိုက်မှုမရှိပါက မည်သည့်ရွေးကောက်ပွဲစနစ်ကိုကျင့်သုံးသည်ဖြစ်စေ နိုင်ငံတော်အတွက် အကျိုးဖြစ်ထွန်းစေသောစနစ်များသာဖြစ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ယှဉ်ပြိုင်မှုတိုင်းမှာ အနိုင်အရှုံးဆိုတာရှိစမြဲပါ။ နိုင်ငံတော်အနေနဲ့ ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးနေပြီဖြစ်တဲ့အတွက် အနိုင်ရသူကလည်း နိုင်ငံတော်နှင့်နိုင်ငံသားတို့၏အကျိုးစီးပွားကို အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ကြဖို့နဲ့ အရှုံးနဲ့ရင်ဆိုင်ရသူကလည်း ရရှိထားတဲ့ရလဒ်ကို ကျေကျေနပ်နပ်နဲ့လက်ခံပြီး နိုင်ငံတော်အတွက် မိမိတတ်နိုင်တဲ့ဘက်မှ ဝိုင်းဝန်းပူးပေါင်းကူညီဆောင်ရွက်ပြီး နောင်အနာဂတ်ရွေးကောက်ပွဲတွေမှာ အနိုင်ရဖို့အတွက် မိမိရဲ့အားနည်းချက်များကို ပြန်လည်သုံးသပ်ပြင်ဆင်သင့်ပါတယ်။ နိုင်သူရော၊ ရှုံးသူ နှစ်ယောက်စလုံးဟာ နိုင်ငံတော်နှင့်နိုင်ငံသားတို့၏အကျိုးစီးပွားကိုသာ ရှေးရှုပြီးဆောင်ရွက်သင့်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ရွေးကောက်ပွဲစနစ်သည် နိုင်ငံတစ်နိုင်ငံအတွက် အရေးပါသောကိစ္စရပ်တစ်ရပ်ဖြစ်သော်လည်း ထိုနိုင်ငံရဲ့ကံကြမ္မာကို အဆုံးအဖြတ်ပေးခြင်းမပြုနိုင်ပါ။ သို့သော်လည်း ၎င်းရွေးကောက်ပွဲမှ ရွေးချယ်တင်မြှောက်လိုက်တဲ့ လွှတ်တော်ကိုယ်စားလှယ်များကသာ နိုင်ငံတော်၏ကံကြမ္မာကို ပြည်သူတို့ရဲ့ကိုယ်စား အဆုံးအဖြတ်ပေးရမှာဖြစ်ပါတယ်။ ဒါ့ကြောင့် ကိုယ်စားလှယ်များသည် မိမိအနိုင်ရရေး၊ မိမိပါတီအနိုင်ရရေးကို ဦးစားပေးဆောင်ရွက်ရမည်မှာမှန်သော်လည်း နိုင်ငံတစ်နိုင်ငံအတွက် ပြည်သူမှပေးသည့် မဲဆန္ဒအလေအလွင့်အနည်းဆုံးနှင့် နိုင်ငံသားတို့၏အကျိုးစီးပွားအတွက် အမှန်တကယ်ကြိုးပမ်းဆောင်ရွက်

နိုင်မယ့် ကိုယ်စားလှယ်လောင်းများပေါ်ထွက်ရေးသည်သာ မဲဆန္ဒရှင်များ၏ အဓိကဆန္ဒဖြစ်ပါတယ်။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်များခင်ဗျား။ နိဂုံးချုပ်အနေနဲ့ ပြည်သူများအတွက် မိမိပေးလိုက်တဲ့အသည်းကြားက မဲတစ်ပြားဟာ ပြည်သူကိုကိုယ်စားပြုသည့် ကိုယ်စားလှယ်လောင်းများပေါ်ပေါက်ရေးသည်သာ အရေးကြီးပါသဖြင့် ကျွန်တော်တို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လက်ရှိပကတိအခြေအနေနှင့် အနာဂတ်အတွက် ရေရှည်အကျိုးရှိပြီး လိုက်လျောညီထွေမှုရှိမည့် ရွေးကောက်ပွဲစနစ်ကို ပြည်သူလူထုအကြား ချပြရှင်းလင်းပြီး မဲဆန္ဒရှင် ပြည်သူလူထုအများစု၏ သဘောဆန္ဒအား အလေးဂရုပြု၍ ရွေးချယ်သုံးသပ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးခင်မောင်ညို၊ လွိုင်ကော်မဲဆန္ဒနယ်က ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးခင်မောင်ညို(လွိုင်ကော်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ကယားပြည်နယ်၊ လွိုင်ကော်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ညိုဖြစ်ပါတယ်။ လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် လိုက်လျောညီထွေမှုရှိမည့် ရွေးကောက်ပွဲစနစ် ပေါ်ပေါက်လာဖို့အတွက် လေ့လာသုံးသပ်ရေးကော်မရှင်ရဲ့အစီရင်ခံစာပေါ်မှာ လေ့လာတင်ပြဆွေးနွေးသွားမှာပဲဖြစ်ပါတယ်။ ကျွန်တော်တို့မြန်မာနိုင်ငံတွင် နှစ်ပေါင်း ၆၀ ကျော်ကာလအတွင်းမှာ အစိုးရအဖွဲ့အသီးသီးအနေဖြင့် ရွေးကောက်ပွဲစနစ်များကို ကျင်းပပြုလုပ်ခဲ့ကြသော်လည်းပဲ အောင်မြင်ခြင်း/မအောင်မြင်ခြင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုရှိခြင်း/မရှိခြင်း၊ တိုင်းရင်းသားများတန်းတူအခွင့်အရေးရရှိရေး/မရရှိရေး၊ တိုင်းရင်းသားများ ရွေးကောက်ပွဲများတွင် တိုင်းရင်းသားမျိုးနွယ်စုများ တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်နိုင်မယ့်အရေးတို့ကို လေ့လာသုံးသပ်ခြင်း၊ အားနည်းခဲ့ခြင်းများကြောင့် နိုင်ငံတကာနှင့် အိမ်နီးချင်းနိုင်ငံများရဲ့ ရွေးကောက်ပွဲစနစ်များကိုလည်းပဲ လေ့လာသုံးသပ်မှုအားနည်းခဲ့ခြင်းများကြောင့် ယနေ့ မြန်မာနိုင်ငံတော်အနေဖြင့် ဖွံ့ဖြိုးတိုးတက်မှုများ များစွာနောက်ကျကျန်နေရကြောင်းကိုလည်းပဲ အားလုံးအသိပဲဖြစ်ပါတယ်။ ကမ္ဘာပေါ်မှာရှိတဲ့ ဒီမိုကရေစီနိုင်ငံများကို ကျင့်သုံးနေတဲ့ရွေးကောက်ပွဲစနစ်များကို ပြန်လည်ကြည့်မယ်ဆိုရင်လည်းပဲ ပြီးပြည့်စုံသော၊ ကောင်းမွန်သောစနစ်ဟူ၍ မရှိပါဘူး။ အဆိုးနှင့်အကောင်းဒွန်တွဲနေတာကို လေ့လာတွေ့ရှိရမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ

ကျင်းပခဲ့တဲ့ ရွေးကောက်ပွဲစနစ်များကို ပြန်လည်ကြည့်မယ်ဆိုရင်လည်းပဲ ကောင်းတာတွေရှိသလို၊ ဆိုးတာတွေလည်းရှိပါတယ်။ နောင်ကို ကျင်းပမယ့်ရွေးကောက်ပွဲစနစ်မှာလည်းပဲ အကောင်းအဆိုး ဆိုတာ ရှိနေဦးမှာဖြစ်တယ်လို့ ကျွန်တော့်အနေနဲ့ တင်ပြလိုပါတယ်။

မြန်မာနိုင်ငံကို ပြန်ကြည့်မယ်ဆိုလို့ရှိရင် ပါတီပေါင်းကလည်း မြောက်မြားစွာရှိ၊ တိုင်းရင်းသား များကလည်း မျိုးနွယ်စုများအလိုက် များပြားနေတာလည်းရှိ၊ တိုင်းရင်းသားများတန်းတူအခွင့်အရေး ရရှိခံစားနိုင်ရေးကိုလည်းပဲ မျက်ကွယ်ပြုလို့ ကျွန်တော်တို့မရပါဘူး။ ဒါကြောင့်မို့လည်း ရွေးကောက်ပွဲ စနစ်ကို တစ်သမတ်တည်းထားပြီး လေ့နံစားထစ်မထားဖို့လည်း လိုအပ်မှာဖြစ်ပါတယ်။ ဒီမိုကရေစီဖော် ဆောင်မှုကို အထောက်အကူအများဆုံးပြုအသုံးပြုနိုင်တဲ့စနစ်၊ တိုင်းရင်းသားမျိုးနွယ်စုအားလုံးရဲ့ စည်းလုံးညီညွတ်ရေး၊ ငြိမ်းချမ်းရေးကို တိုင်းရင်းသားအားလုံး ပါဝင်ဖော်ဆောင်နိုင်ရေးတို့ကို အဓိက အရေးထားရမှာလိုအပ်ကြောင်း တွေ့ရှိရမှာဖြစ်တဲ့အတွက် ရွေးကောက်ပွဲစနစ်ကို လေ့လာသုံးသပ်ရာ မှာလည်းပဲ မြန်မာနိုင်ငံနဲ့လိုက်လျောညီထွေမှုရှိမယ့်စနစ်ကိုသာ အလေးထားရွေးချယ်ဆောင်ရွက်သွား ရမှာဖြစ်တဲ့အတွက် ကော်မရှင်ရဲ့လေ့လာသုံးသပ်ချက် ပြည်သူ့လွှတ်တော်နှင့်လိုက်လျောညီထွေမှုရှိ မယ့် ရွေးကောက်ပွဲနည်းလမ်းစနစ်(၈)ခုရှိတဲ့အနက်မှာ နည်းလမ်း(၄)အချက်ဟာလည်းပဲ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်နှင့် လိုက်လျောညီထွေမှုရှိမယ်လို့ ကျွန်တော့်အနေနဲ့ သုံးသပ် တင်ပြရပါတယ်။ နည်းလမ်း(၄)ဟာ လိုက်လျောညီထွေမှုရှိခြင်းကို ရှင်းလင်းရမယ်ဆိုရင် မဲအများဆုံးရသူအနိုင်ယူစနစ် နဲ့အချိုးကျကိုယ်စားပြုစနစ်တို့ကို ပေါင်းစပ်ထားတဲ့ရွေးကောက်ပွဲစနစ် ၅၀ ရာခိုင် နှုန်းအပေါင်းတစ်မဲ မရရှိတဲ့ကိုယ်စားလှယ်များရဲ့ အခွင့်အရေးကို အလေးထားသောစနစ်၊ ပြည်နယ်ခုနစ်ခုမှာ လက်ရှိ ကျင့်သုံးနေတဲ့ မဲအများဆုံးရသူအနိုင်ယူစနစ် FPTP စနစ်နှင့် ၁၂၃ မြို့နယ်အားလည်းကောင်း ရွေးကောက်ပွဲကျင်းပပြုလုပ်ပေးရမှာလည်း ဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီးမှာရှိတဲ့ နာဂကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသမှာပါဝင်တဲ့ လေရှီးမြို့နယ်၊ လဟယ်မြို့နယ်၊ နန်းယွန်းမြို့နယ် သုံးမြို့နယ်ကိုလည်းပဲ မဲဆန္ဒနယ် သုံးခုသတ်မှတ်ပြီး မဲအများဆုံးရသူအနိုင်ယူစနစ်ဖြင့်ပဲ ရွေးကောက်ပွဲကျင်းပပြုလုပ်မှာ ဖြစ်တယ်။ ကျန်တိုင်းဒေသကြီး ခုနစ်တိုင်း၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရမပါ၊ နေပြည်တော်ကောင်စီနယ် မြေအပါအဝင် စုစုပေါင်းမဲဆန္ဒနယ် ၂၀၄ နယ်အတွက်ကို ဦးစွာပထမအဆင့် အများကိုယ်စားပြုစနစ် ဖြင့်သာ မဲအများဆုံးရသူအနိုင်ယူစနစ်ဖြင့်သာ ရွေးကောက်ပွဲကို ကျင်းပပြုလုပ်ပြီး ခိုင်လုံမဲ ၅၀ ရာခိုင် နှုန်းအပေါင်းတစ်မဲ ရရှိတဲ့ကိုယ်စားလှယ်များကိုသာ သက်ဆိုင်ရာ မဲဆန္ဒနယ်ကိုယ်စားလှယ်အဖြစ် သတ်မှတ်ကြေညာပေးမှာဖြစ်ပါတယ်။ ခိုင်လုံမဲ ၅၀ ရာခိုင်နှုန်းအပေါင်းတစ်မဲရရှိတဲ့ မြို့နယ်များတွင်

ကိုယ်စားလှယ်များရွေးချယ်နိုင်ရန်အတွက် ကိုယ်စားလှယ်အဖြစ် ရွေးချယ်ခံရပြီးသော မြို့နယ်များမှ ကိုယ်စားလှယ်များရဲ့မဲများမပါ ကျန်ရွေးချယ်ခြင်းမခံရသော ကိုယ်စားလှယ်များ၏ မဲအားလုံးကို ကိုယ်စားလှယ်များ ရွေးချယ်ခြင်းမပြုရသေးသောမြို့နယ်များမှ မဲများနှင့်ပေါင်းပြီးတော့ ပါတီရဲ့ ခိုင်လုံ မဲအဖြစ်ပြောင်းပြီးတော့ ကိုယ်စားလှယ်အဖြစ် ရွေးချယ်ပေးသွားမှာဖြစ်တဲ့အတွက် ကျွန်တော့် အနေနဲ့ နည်းလမ်း(၄)သည် ဒီမိုကရေစီကိုဖော်ဆောင်နိုင်တဲ့နေရာမှာ အများဆုံးအကျိုးဝင်သောစနစ် ဖြစ်မယ်လို့ ကျွန်တော့်အနေနဲ့ တင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရွေးကောက်ပွဲစနစ်နည်းလမ်း(၄)ဟာ ကော်မရှင်ရဲ့သုံးသပ်တင်ပြချက် ကျွန်တော့်ရဲ့လေ့လာဆန်းစစ်ချက်ကို တင်ပြရမယ်ဆိုရင် ရိုးရှင်းသော FPTP စနစ်ကို အခြေခံကျင့်သုံးထားတာကိုလည်း တွေ့ရှိရပါတယ်။ အမျိုးသားညီလာခံက ကျင်းပလိုက်တဲ့ FPTP စနစ်ကိုလည်းပဲ အလေးထားဆွေးနွေးထားပြီး ဆောင်ရွက်ချက်တွေကို အခြေခံဆောင်ရွက်ထားခြင်းကိုလည်း တွေ့မြင်နေရပါတယ်။ အခြေခံဥပဒေပုဒ်မ ၃၉၀ ရွေးကောက်ပွဲတစ်ရပ်၌ မဲဆန္ဒနယ်တစ်နယ်တွင် လွှတ်တော်တစ်ရပ်စီအတွက် ဆန္ဒမဲတစ်မဲသာ ပေးပိုင်ခွင့်ရှိသည်ဟူသော ပြဋ္ဌာန်းချက်များနှင့်လည်း ကိုက်ညီမှုရှိတယ်။ တစ်ကြိမ်တစ်ခါမဲပေးပြီး တစ်မဲထဲထည့်ပေးရမှာ ဖြစ်တဲ့အတွက် အခြေခံဥပဒေပုဒ်မ ၁၀၉ မြို့နယ်ကိုအခြေခံ၍လည်းကောင်း၊ လူဦးရေကိုအခြေခံ၍လည်းကောင်း ၃၃၀ ဦးထက်မပိုသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ရွေးချယ်ရန် ပြဋ္ဌာန်းချက်များနှင့်လည်း ကိုက်ညီမှုရှိခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေကိုလည်း ပြင်ဆင်ရန်မလိုခြင်း၊ ဒီမိုကရေစီစနစ်ကိုဖော်ဆောင်ရာတွင်လည်း ပိုမိုလိုက်လျောညီထွေမှုရှိခြင်း၊ အကယ်၍ နိုင်ငံသူနိုင်ငံသားများအတွက် အကျိုးပြုမယ်ဆိုရင်တော့ဖြင့် အခြေခံဥပဒေသော်လည်းကောင်း၊ ရွေးကောက်ပွဲစနစ်ကိုသော်လည်းကောင်း လိုအပ်ပါက ပြုပြင်ပြင်ဆင်သွားရမှာပဲ ဖြစ်ပါတယ်ခင်ဗျား။ လက်ရှိနိုင်ငံတော်မှာကျင့်သုံးနေတဲ့ FPTP စနစ်နှင့်အညီ ရွေးကောက်ပွဲများကျင်းပခြင်းကြောင့် ရှုပ်ထွေးစရာမရှိပါဘူး။ မဲဆန္ဒနယ်ရှင်ပြည်သူများအနေဖြင့်လည်း နားမလည်နိုင်စရာ၊ မရှင်းလင်းစရာမရှိကြောင်းကိုလည်းပဲ လေ့လာတွေ့ရှိရပါတယ်ခင်ဗျား။ ထို့ကြောင့် နိဂုံးချုပ်အနေနဲ့ ဆွေးနွေးတင်ပြလိုတာကတော့ ကော်မရှင်ရဲ့သုံးသပ်ချက်(၈)ချက်အနက်မှာ အမှတ်စဉ် ၄ နည်းစနစ်(၄)ကတော့ဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် လိုက်လျောညီထွေမှုရှိမည့် ရွေးကောက်ပွဲစနစ်ဖြစ်ကြောင်းနှင့် မဲဆန္ဒရှင်ပြည်သူများအတွက် ဆောင်ရွက်နေကျစနစ်၊ ရိုးရှင်းလွယ်ကူသောစနစ်ကောင်းတစ်ခုဖြစ်ပါတယ်။ ဒါကြောင့် မည်သည့်စနစ်ပဲဖြစ်စေ၊

**ဥက္ကဋ္ဌ**။ ။ နိဂုံးချုပ်ပါ။

**ဦးခင်မောင်ညို (လှိုင်ကော်မဲဆန္ဒနယ်)**။ ။ မည်သည့်နည်းလမ်းပဲဖြစ်စေ ပြည်သူတွေအတွက်၊ နိုင်ငံတော်အတွက်ဆိုရင် ကျွန်တော်တို့တစ်တွေ အဆင်သင့်ဖြစ်ရန်လိုအပ်ကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို မိနစ် ၃၀ ခန့် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို မိနစ် ၃၀ ခန့် ခေတ္တရပ်နားပါသည်။]

**အချိန်၊ ၁၁း၄၅**။

**အခမ်းအနားမှူး**။ ။ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒေါက်တာသန်းဝင်း၊ မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာသန်းဝင်း (မြောက်ဥက္ကလာပမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရွေးကောက်ပွဲစနစ်လေ့လာသုံးသပ်ရေးကော်မရှင်က ရွေးကောက်ပွဲစနစ်(၈)မျိုးနဲ့ နိုင်ငံတချို့မှာကျင့်သုံးနေတဲ့ ရွေးကောက်ပွဲစနစ်များကို တင်ပြထားတာကို လေ့လာဖတ်ရှုပြီး ဖြစ်ပါတယ်။ မည်သည့်တိုင်းပြည်မှာ မည်သည့်ရွေးကောက်ပွဲစနစ်ကိုပဲသုံးသုံး ကျွန်တော်တို့အနေနဲ့ မိမိတို့နိုင်ငံရဲ့သမိုင်းကြောင်းနဲ့ တိုင်းပြည်ရဲ့ပကတိအခြေအနေများနဲ့ အသင့်တော်ဆုံးရွေးကောက်ပွဲစနစ်ကိုပဲ အသုံးပြုရမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ အမျိုးသားခေါင်းဆောင်ကြီးဗိုလ်ချုပ်အောင်ဆန်းလက်ထက် ၁၉၄၇ ခုနှစ်၊ တိုင်းပြုပြည်ပြုလွှတ်တော်ရွေးကောက်ပွဲမှအစပြုပြီးတော့ ၁၉၅၂၊ ၁၉၅၆၊ ၁၉၆၀၊ ၁၉၉၀၊ ၂၀၁၀ အထွေထွေရွေးကောက်ပွဲကြီးများနှင့် ၂၀၁၂ ကြားဖြတ်ရွေးကောက်ပွဲများမှာ တစ်စိုက်မတ်မတ် တစ်နိုင်ငံလုံးအညီအမျှကျင့်သုံးခဲ့တဲ့ FPTP ရွေးကောက်ပွဲ

စနစ်ဟာ မြန်မာပြည်သူလူထုနှင့် အသားကျပြီးဖြစ်သည့်အပြင် အဲဒီ FPTP စနစ်ကြောင့် မည်သည့်ပြဿနာ၊ မည်သည့်ချို့ယွင်းမှုမှ ကြီးကြီးမားမားမရှိခဲ့ပါ။ ပြည်သူများဘက်ကလည်း မကျေနပ်တဲ့လေသံကို ဒီနှစ် ၆၀ အတွင်းမှာ လေသံမှမကြားရတာကို တွေ့ရပါတယ်။ အဲဒါကြောင့် လောလောဆယ် ဒီ FPTP စနစ်ကို စွန့်လွှတ်ရန် မည်သည့်ခိုင်လုံသောအကြောင်းပြချက်မျှမရှိပါကြောင်း ဦးစွာဆွေးနွေးတင်ပြပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာဟာ နိုင်ငံသားများမှ ဆင်းသက်ပြီး နိုင်ငံတစ်ဝှမ်းလုံး၌ တည်သည်ဟူ၍ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပြဋ္ဌာန်းထားတာနှင့်အညီ အချုပ်အခြာအာဏာပိုင်အဖွဲ့အစည်းများကို ရွေးကောက်တင်မြှောက်ရမယ့်ကိစ္စရပ်မှာ မဲဆန္ဒရှင်ပြည်သူလူထုသာလျှင် အဓိကအခန်းမှ ပါဝင်ရပ်တည်လျက်ရှိပါတယ်။ နိုင်ငံတော်တစ်ခုလုံး နေရာ/ဒေသမခွဲခြားဘဲ ညီညွတ်မျှတစွာ အစဉ်အလာကျင့်သုံးနေတဲ့ FPTP ရွေးကောက်ပွဲစနစ်ကို ပြောင်းလဲပြစ်ရန် မဲဆန္ဒရှင်ပြည်သူများ၏ဆန္ဒနှင့် တောင်းဆိုချက်များမရှိသည့်အပြင် နိုင်ငံတစ်နိုင်ငံ၏ အရေးကြီးသော ရွေးကောက်ပွဲစနစ်တစ်ခုကို ပြောင်းလဲကျင့်သုံးခြင်းဟာ လွယ်ကူသောကိစ္စရပ်မဟုတ်ဘဲနဲ့ အလွန်အရေးကြီးပြီးတော့ ကြီးကျယ်တဲ့ကိစ္စတစ်ခု ဖြစ်ပါတယ်။ ဒီလိုအရေးကြီးတဲ့ကိစ္စကို အချုပ်အခြာအာဏာပိုင်ရှင်ပြည်သူများသို့ ရွေးကောက်ပွဲစနစ်အသစ်တစ်ခုရဲ့ သဘောသဘာဝ၊ အကြောင်းအကျိုး၊ အကောင်းအဆိုးများကို ကျယ်ကျယ်ပြန့်ပြန့် အချိန်ယူရှင်းလင်းပြပြီး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ Referendum လုပ်ပြီး အဆုံးအဖြတ်ယူမှသာ တရားမျှတအဖြေမှန်ရမှာ ဖြစ်ပါတယ်။

အခုကော်မရှင်က တင်ပြထားတဲ့ ရွေးကောက်ပွဲစနစ်(၈)မျိုးမှာ နံပါတ်(၂)စနစ်ဖြစ်တဲ့ PR အချိုးကျကိုယ်စားပြုစနစ်ဟာ တည်ဆဲဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်လည်းကောင်း၊ ပြည်သူအများစုရဲ့ ဆန္ဒနှင့်လည်းကောင်း လုံးဝဆန့်ကျင်နေပါသဖြင့် ရွေးချယ်ရန် လုံးဝမဖြစ်နိုင်ပါ။ နံပါတ်(၃)မှ နံပါတ်(၈)အထိ တင်ပြထားတဲ့ ရွေးကောက်ပွဲစနစ်များဟာ ပြည်နယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွေမှာ စနစ်တစ်မျိုး၊ တိုင်းဒေသကြီးတွေမှာ စနစ်တစ်မျိုး မတူခွဲခြားကျင့်သုံးခြင်းဖြစ်၍နိုင်ငံတော်၌ တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ပိုမိုထွန်းကားရေးဟူ၍ လည်းကောင်း၊ တိုင်းဒေသကြီး ခုနစ်ခုနှင့် ပြည်နယ် ခုနစ်ပြည်နယ်တို့သည် အဆင့်အတန်းချင်း တူညီကြသည်ဟူ၍လည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားချက်များနှင့်ဆန့်ကျင်လျက်ရှိပါတယ်။

ရွေးကောက်ပွဲပုံစံ(၄)ဖြစ်တဲ့ FPTP နဲ့ PR စနစ်ကို ပေါင်းစပ်ထားတဲ့ ရွေးကောက်ပွဲစနစ်(၂) ဆိုတာ တကယ်တော့ FPTP စနစ်နဲ့ လုံးဝခြားနားပြီး FPTP အစစ်လုံးဝမဟုတ်ပါ။ ရွေးကောက်ပွဲပုံစံ(၁) မူလ FPTP စနစ်ထက် အဲဒီရွေးကောက်ပွဲစနစ်(၄)က ပိုကောင်းမွန်တယ်၊ သင့်တော်တယ်လို့ ဆွေးနွေးကြသူများရှိတာကို ကြားသိရပါတယ်။ ထိုသို့ ပိုမိုကောင်းမွန်သည်ဟုဆိုသော ရွေးကောက်ပွဲစနစ်ပုံစံ(၄) ကို ပြည်နယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများတွင် မည်သည့်အတွက်ကြောင့် မကျင့်သုံးသလဲ ဆိုတာ မေးခွန်းထုတ်ရမှာ ဖြစ်ပါတယ်။ ဒီလိုပိုကောင်းတဲ့စနစ်တစ်ခုကို မကျင့်သုံးစေဘဲ ခွဲခြားကျင့်သုံးခြင်းဟာ ပြည်နယ်များရဲ့ အဆင့်အတန်းများကို နှိမ့်ချရာရောက်ပါတယ်။ ပြည်နယ်များ ဖွံ့ဖြိုးတိုးတက်မှု နိမ့်ကျရခြင်းသည် ၁၉၆၂ ခုနှစ်မှစ၍ ကျွန်တော်တို့နိုင်ငံမှာ နှစ် ၅၀ ကျော် ပါလီမန်ဒီမိုကရေစီ ဆိတ်သုဉ်းခြင်းရဲ့ အကျိုးဆက်ရလဒ်ဖြစ်ပါတယ်။ ဒါကြောင့်မို့ ပြည်တွင်းငြိမ်းချမ်းရေးနဲ့ ပြည်နယ်ဖွံ့ဖြိုးရေးလုပ်ငန်းများကို ပထမဦးစားပေးဆောင်ရွက်ပြီးမှ ရွေးကောက်ပွဲစနစ်ကို ပြောင်းရန်စဉ်းစားသင့်ပါတယ်။ ထို့ပြင် ဒီခွဲခြားကျင့်သုံးခြင်းဟာ ၁၉၄၇ ခုနှစ်၊ သမိုင်းဝင်ပင်လုံညီလာခံ သဘောတူညီချက်စာချုပ်တွင် ပြည်ထောင်စုတည်ဆောက်ရေးအခြေခံမူကြီးသုံးချက်မှာ နံပါတ်(၁)အချက်ဖြစ်တဲ့ ကချင်၊ ကရင်၊ ကယား၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်းတိုင်းရင်းသားအားလုံး တန်းတူညီမျှရှိခြင်းဆိုတဲ့ အချက်ကိုလည်း ချိုးဖောက်ရာရောက်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြီးခဲ့တဲ့ဇူလိုင်လ ဒီ PR စနစ်ဆွေးနွေးတုန်းက FPTP စနစ်ဟာ မြန်မာနိုင်ငံသမိုင်းမှာ အနိုင်ရပါတီကြီးတစ်ခုက လွှတ်တော်ထဲမှာ ဗိုလ်ကျစိုးမိုးတာကို မရှိပါဘူးဆိုတာကို ကျွန်တော့်အနေနဲ့ သမိုင်းသက်သေအထင်အရှားပြောကြားခဲ့ပြီး ဖြစ်ပါတယ်။ ဒီနေ့ ဒီအချိန်မှာ ဒီကိစ္စကို ထပ်မံမပြောကြားတော့ဘူးလို့ မူလရည်ရွယ်ထားတာရှိပါတယ်။ ဒါပေမယ့် ဒီကနေ့မနက် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက FPTP စနစ်ဟာ ပါတီကြီးတစ်ခုက ဗိုလ်ကျစိုးမိုးနိုင်တယ်ဆိုတာ ဆွေးနွေးလာတဲ့အတွက် ဒါကို ကျွန်တော်အနည်းငယ်ပြန်အကျဉ်းချုံး ပြန်တင်ပြပါမယ်။ ၁၉၆၀ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်နေ့မှာ ကျင်းပပြုလုပ်ခဲ့တဲ့ ပါတီစုံရွေးကောက်ပွဲမှာ သန့်ရှင်းဖဆပလက ၁၅၉ ယောက် အမတ်အနိုင်ရရှိပါတယ်။ တည်မြဲဖဆပလ ၄၁ ယောက်ရပါတယ်။ ရှမ်းက ၂၃ ယောက်၊ ရခိုင်က ၉ ယောက်၊ တခြားတိုင်းရင်းသားတွေကလည်း တစ်ဦး၊ နှစ်ဦးစရပါတယ်။ ပမညတ တစ်မဲမှ မရပါဘူး။ အဲဒီလို အနိုင်ရတဲ့ပါတီကြီးဖြစ်တဲ့ သန့်ရှင်းဖဆပလအစိုးရအဖွဲ့ခေါင်းဆောင် နိုင်ငံတော်ဝန်ကြီးချုပ်ဦးနုဟာ အဲဒီ ခုနက တည်မြဲဖဆပလ အပါအဝင် အတိုက်အခံအမတ်များကို ကိုယ်စားပြုတဲ့ ပါလီမန်အတိုက်အခံခေါင်းဆောင် မိုးကုတ်အမတ် သခင်သာခင်ကို ဒီပြည်ထောင်စုဝန်ကြီးတစ်ဦး

ကဲ့သို့ အဆောင်အယောင်တွေပေးပြီးတော့ ပါလီမန်ဒီမိုကရေစီကို ရုပ်လုံးဖော်ခဲ့တယ်။ FPTP စနစ်နဲ့ တက်လာတဲ့ ဒီအနိုင်ရပါတီကြီးဟာ လွှတ်တော်ထဲမှာ အနိုင်မကျင့်ဘူးဆိုတာ၊ ဗိုလ်ကျစိုးမိုးတာမလုပ်ပါဘူးဆိုတာကို ဒါသမိုင်းသက်သေအထင်အရှား ထပ်မံပြီးတော့ ကျွန်တော်ဖော်ပြတာ ဖြစ်ပါတယ်။

နောက်တစ်ခုကလည်းပဲ ကျွန်တော်တို့ အခုဆိုရင် ဒီလွှတ်တော်သက်တမ်း လေးနှစ်နီးပါးရှိပါပြီ။ လွှတ်တော်စတက်ကတည်းက ကျွန်တော်တို့ ပါဝင်လာတာဖြစ်ပါတယ်။ ကျွန်တော်တို့က လွှတ်တော်စတက်တက်ခြင်းပဲ ဒီပြည်ထောင်စုလွှတ်တော်နာယကကြီးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးက လွှတ်တော်ထဲမှာ ပါတီစွဲ၊ ဝါဒစွဲ၊ လူမျိုးစွဲ၊ ဒေသစွဲ၊ ဘာသာစွဲမထားရဘူးဆိုပြီးတော့ တိုင်းပြည်နှင့် လူမျိုးအကျိုးရှိရန်၊ ပြည်သူလူထုအကျိုးရှိရာရှိကြောင်း ကိစ္စတွေမှာပူးပေါင်းပါဝင်ဆောင်ရွက်မယ်ဆိုပြီးတော့လုပ်တာ လက်တွေ့အားဖြင့် ဆောင်ရွက်ခဲ့တဲ့အတွက် ဒီလိုအခုအနိုင်ရတဲ့ပါတီကြီးက FPTP နဲ့နိုင်တဲ့ အနိုင်ရတဲ့ပါတီကြီးက ကျွန်တော်တို့အပေါ်မှာ အနိုင်ကျင့်ဗိုလ်ကျစိုးမိုးတယ်ဆိုတာကို ကျွန်တော်တို့ တစ်ခါမှမခံစားရပါ။ မမြင်လည်းမမြင်တွေ့ရပါ။ နောင်မှာလည်းပဲ ဒီအရေအတွက်နဲ့ပေါ့လေ။ အရေအတွက်အားကိုးပြီးတော့ အနိုင်ကျင့်ဗိုလ်ကျစိုးမိုးလိမ့်မယ်လို့လည်း ကျွန်တော်လုံးဝမမျှော်လင့်ပါဘူးခင်ဗျား။

နိဂုံးချုပ်အားဖြင့် တိုင်းပြည်တစ်ခုလုံးအတွက် အရေးကြီးတဲ့ တရားဥပဒေစိုးမိုးရေး၊ ပြည်တွင်းငြိမ်းချမ်းရေး၊ အခြေခံဥပဒေပြင်ဆင်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး အစရှိတဲ့ ပြဿနာပေါင်းများစွာကို ဖြေရှင်းနေရတဲ့ အခုလိုအချိန်အခါမျိုးမှာ မြန်မာနိုင်ငံ မဲဆန္ဒရှင်ပြည်သူများနှင့် အသားကျပြီး မည်သည့်ပြဿနာအခက်အခဲမှလည်းမရှိတဲ့ တစ်နိုင်ငံလုံး ဒေသမခွဲခြားဘဲ ကျင့်သုံးရန် အသင့်တော်ဆုံး ရွေးကောက်ပွဲစနစ် မူလ FPTP စနစ်အစား မဲဆန္ဒရှင်ပြည်သူများအတွက် တစ်ခါမှမကြားဖူးသေးသော ရှုပ်ထွေးပွေလီလှသည့် ဒေသခွဲခြားကျင့်သုံးသည့် ရွေးကောက်ပွဲစနစ်တစ်ခုခုကို ပြောင်းလဲကျင့်သုံးရန် ဆုံးဖြတ်ဆောင်ရွက်ခဲ့လျှင် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် ဆိုးကျိုးများသာဖြစ်ပေါ်လာနိုင်ပြီး တိုင်းပြည်အတွက် ဆေးမဖြစ်ဘဲဘေးဖြစ်မည်ကို အထူးစိုးရိမ်မိပါကြောင်း လေးစားစွာဆွေးနွေးရင်းနဲ့ တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒေါ်မိယဉ်ချမ်း၊ ကျိုက်မရောမဲဆန္ဒနယ်မှ ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါ်မိယဉ်ချမ်း(ကျိုက်မရောမဲဆန္ဒနယ်)**။ ။ မင်္ဂလာပါရှင်။ ကျွန်မကတော့ မွန်ပြည်နယ်၊ ကျိုက်မရောမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် မိယဉ်ချမ်း ဖြစ်ပါတယ်။ ကျွန်မအနေနဲ့

မြန်မာနိုင်ငံနဲ့ လိုက်လျောညီထွေမှုရှိမယ့် ရွေးကောက်ပွဲစနစ် ရွေးချယ်ကျင့်သုံးနိုင်ရေးအတွက် လေ့လာသုံးသပ်ရေးကော်မရှင်ရဲ့ အစီရင်ခံစာပေါ်မှာ အခြေခံပြီးဆွေးနွေးမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ ပထမဦးဆုံးအနေနဲ့ ဒီမိုကရေစီစနစ် ပိုမိုထွန်းကားလာဖို့အတွက် အမြင်ကျယ်ကျယ်နဲ့ စဉ်းစားပြီး မိမိတို့ ပြည်သူ့လွှတ်တော်နှင့် ကိုက်ညီတဲ့ ရွေးကောက်ပွဲစနစ်မျိုးဖော်ဆောင်နိုင်ရန်အဆိုပြုခဲ့တဲ့ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးကိုလည်း ကျေးဇူးတင်ပါတယ်။ အလားတူပဲ အချိန်တိုတိုအတွင်းမှာ ရွေးကောက်ပွဲစနစ်ပုံစံနည်းလမ်းများနဲ့ ပတ်သက်တဲ့ လေ့လာတွေ့ရှိချက်အစီရင်ခံစာကို လွှတ်တော်သို့ တင်သွင်းနိုင်ခဲ့တဲ့ ကော်မရှင်ရဲ့ ကြိုးပမ်းအားထုတ်မှုကိုလည်း ကျွန်မအနေနဲ့ ဂုဏ်ပြုမှတ်တမ်းတင်ပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ ဘယ်ကိစ္စမဆို အပြစ်တင်ဝေဖန်ရတာလွယ်ပေမယ့် တကယ်တမ်းလက်တွေ့ကျကျဆောင်ရွက်ရတာ ခက်ခဲပါတယ်။ အမြင်ကျယ်ကျယ်နဲ့ အပြုသဘောဆောင်တဲ့ တွေးခေါ်မှုနဲ့ ဆွေးနွေးကြဖို့ လိုအပ်တယ်လို့ ကျွန်မအနေနဲ့ ယူဆပါတယ်။ ကော်မရှင်မှာ တင်ပြတဲ့ အသုံးအနှုန်းတွေ၊ စာသားတွေ၊ လုပ်ဆောင်မှုတွေကို ဖောင်းပေးပြီး အပြစ်တင်ပြောနေမယ်ဆိုရင် ကျွန်မတို့ရဲ့ လမ်းကြောင်းဟာ လွဲသွားနိုင်ပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မတို့ရဲ့နိုင်ငံဟာ လွန်ခဲ့တဲ့နှစ်ပေါင်း ၆၀ ကျော်ကတည်းက ယနေ့အချိန်ထိ FPTP စနစ်တစ်ခုသာ ကျင့်သုံးခဲ့ပါတယ်။ လွှတ်တော်ပေါ်လာပြီးမှသာ ၎င်းစနစ်အပြင် ရွေးကောက်ပွဲစနစ်များစွာရှိတာ လေ့လာခွင့်ရခဲ့ပါတယ်။ ဘယ်စနစ်မဆို အားသာချက်တွေ၊ အားနည်းချက်တွေ ရှိနေမှာပါ။ အားနည်းချက်များကို အနည်းဆုံးဖြစ်အောင် လက်ခံစဉ်းစားမယ်၊ အားသာချက်များကိုလည်း အားလုံးရဲ့သဘောတူညီချက်နဲ့ စဉ်းစားဆုံးဖြတ်ကြမယ်ဆိုရင် ကျွန်မတို့ရဲ့ အနာဂတ် မြန်မာနိုင်ငံတော်အတွက် ညီညွတ်မျှတတဲ့ ရွေးကောက်ပွဲစနစ်ကို ပုံဖော်နိုင်မှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ ဒီလိုလုပ်ကိုင်ဆောင်ရွက်ရာမှာ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်မှုနဲ့ ဆက်စပ်နိုင်သလို ရွေးကောက်ပွဲစနစ်နဲ့ ပတ်သက်ပြီး ပြည်သူတွေ ဘယ်လောက်အတိုင်းအတာထိ လေ့လာထားသလဲ၊ သိရှိထားသလဲဆိုတာ သုံးသပ်ဖို့လိုမယ်ဆိုတာ အမှန်ပါပဲရှင်။ ကျွန်မရှေ့က လွှတ်တော်ကိုယ်စားလှယ်အတော်များများလည်း ဒီအချက်တွေနဲ့ပတ်သက်ပြီး ဆွေးနွေးပြီးပြီဖြစ်လို့ ကျွန်မအနေနဲ့ ထပ်မံမပြောလိုတော့ပါဘူး။

ဥက္ကဋ္ဌကြီးရှင့်။ ကော်မရှင်အနေနဲ့ နိုင်သူအကုန်ယူစနစ် FPTP စနစ်၊ အချိုးကျကိုယ်စားပြုစနစ် PR စနစ်နဲ့ ရောနှောစနစ် MMP စနစ် စတဲ့စနစ်သုံးမျိုးအပေါ် အခြေခံပြီး ပုံစံ(၈)မျိုးအပေါ်

အစီရင်ခံစာမှာ ရှင်းပြထားပါတယ်။ ဒီပုံစံ(၈)မျိုးထဲက ဒီကနေ့ ကျင့်သုံးနေတဲ့ နိုင်သူအကုန်ယူ FPTP စနစ်က လူမျိုးစုများပြားတဲ့လူမျိုးက နိုင်ငံတော်အကောင်အထည်ဖော်တဲ့ အခန်းကဏ္ဍမှာ အခွင့်အလမ်းပိုများပြီး လူနည်းစုက အခွင့်အလမ်းနည်းကြောင်း ကျွန်မအနေနဲ့ သုံးသပ်မိပါတယ်။ ဘာ့ကြောင့်လဲဆိုရင်တော့ လူနည်းစုဖြစ်တဲ့ ကျွန်မကိုယ်တိုင်က မိမိရဲ့လူမျိုးကို ကိုယ်စားပြုဖြစ်ချင်လို့ ဒီလိုအခန်းကဏ္ဍမှာ ပါဝင်ရတာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်တဲ့နေရာမှာ တရားဥပဒေစိုးမိုးရေးနဲ့ တည်ငြိမ်အေးချမ်းမှုဟာ အရေးကြီးသလို ကျွန်မတို့နိုင်ငံရဲ့ အဓိကအသက်သွေးကြောဖြစ်တဲ့ဖွဲ့စည်းပုံအခြေခံဥပဒေဟာလည်း အရေးကြီးပါတယ်။ ကျွန်မတို့အနေနဲ့အရာရာကို ပုံသေကားချပ်တစ်ခုလို အစွဲမထားဘဲ မိမိနိုင်ငံအကျိုးအတွက် ဖြစ်မယ်ဆိုရင် ဖွဲ့စည်းပုံအခြေခံဥပဒေပဲဖြစ်ဖြစ်၊ ရွေးကောက်ပွဲစနစ်ပဲဖြစ်ဖြစ်၊ ခေတ်စနစ်နဲ့ မညီရင် ပြင်ဆင်သင့်ရင် ပြင်ဆင်ရပါမယ်။

ဥက္ကဋ္ဌကြီးရှင့်။ လေ့လာသုံးသပ်ရေးအစီရင်ခံစာမှာပါတဲ့ ပုံစံ(၄)နဲ့ပတ်သက်ပြီး ကျွန်မရှေ့က လွှတ်တော်ကိုယ်စားလှယ်တော်ကြီး ဦးခင်မောင်ညိုက အကျယ်တဝံ့ ရှင်းပြပြီး ဖြစ်ပါတယ်။ ဒါကြောင့် အမှတ်စဉ်(၄)ဟာ လူနည်းစုအတွက် နိုင်ငံတော်အကောင်အထည်ဖော်တဲ့ အခန်းကဏ္ဍမှာ ပါဝင်မှုအခွင့်အလမ်းပိုမိုရရှိမယ်လို့ ကျွန်မအနေနဲ့ ထင်မြင်သုံးသပ်ရင်း ကျွန်မရဲ့ဆွေးနွေးမှုကို နိဂုံးချုပ်ပါတယ်ရှင်။ အားလုံးကိုကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ ဒေါက်တာအောင်မိုးညို၊ ပွင့်ဖြူမဲဆန္ဒနယ်မှ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာအောင်မိုးညို (ပွင့်ဖြူမဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးနဲ့ ကိုယ်စားလှယ်တော်ကြီးများအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ပွင့်ဖြူမဲဆန္ဒနယ်က ဒေါက်တာအောင်မိုးညိုဖြစ်ပါတယ်။ ကျွန်တော်အဓိကတင်ပြလိုတဲ့အချက်ကတော့ ဥပဒေပညာရှင်များ ထောက်ပြနေကြသလို ပြည်သူများ စိုးရိမ်သောကအဖြစ်ရဆုံး ကိစ္စရပ်ပဲဖြစ်ပါတယ်။ အဲဒါကတော့ ကမ္ဘာပေါ်မှာ PR စနစ်ကို ကျင့်သုံးနေကြတဲ့ ဘယ်နိုင်ငံမှာမှမရှိသေးတဲ့ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ကို ကိုယ်စားပြုနေတဲ့ တပ်မတော်သားကိုယ်စားလှယ် ၂၅ ရာခိုင်နှုန်းနဲ့ ပတ်သက်တဲ့ အခန်းကဏ္ဍပဲ ဖြစ်ပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးနဲ့ ကိုယ်စားလှယ်တော်ကြီးများအားလုံး သိပြီးဖြစ်ကြတဲ့အတိုင်း မြန်မာနိုင်ငံရဲ့ တောလက်ကျေးရွာအားလုံးအပေါ်မှာ နေ့စဉ်ဩဇာလွှမ်းမိုးနိုင်တဲ့ ဝန်ကြီးဌာနကတော့ ပြည်ထဲရေးဝန်ကြီးဌာနပဲဖြစ်ပါတယ်။ ပြည်သူ့ရဲတပ်ဖွဲ့ အနေနဲ့သော်လည်းကောင်း၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနကတစ်ဆင့်သော်လည်းကောင်း ဩဇာသက်ရောက်ခြင်းဖြစ်ပါတယ်။ ဒီပြည်ထဲရေးဝန်ကြီး

ဌာနရဲ့ ပြည်ထောင်စုဝန်ကြီးကို နိုင်ငံတော်သမ္မတရဲ့ သဘောဆန္ဒတစ်ခုတည်းနဲ့ ခန့်ချင်တိုင်းခန့်ခွင့် မရှိပါဘူး။ ကာကွယ်ရေးဦးစီးချုပ်ရဲ့ သဘောတူခွင့်ပြုချက်အရသာ ခန့်ပိုင်ခွင့်ရှိပါတယ်။ ဒါကြောင့် မို့လို့ ကာကယ်ရေးဦးစီးချုပ်ဟာ အုပ်ချုပ်ပုံယန္တရားအတွက် ဘယ်လောက် အခရာကျနေတယ်ဆိုတာ အလွန်ထင်ရှားနေပါတယ်။

ဥက္ကဋ္ဌကြီးနဲ့ ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ဥပဒေပြုရေးမဏ္ဍိုင်ဖြစ်တဲ့ ပြည်ထောင်စု လွှတ်တော်ထဲမှာလည်းပဲ ကာကွယ်ရေးဦးစီးချုပ်ကို ကိုယ်စားပြုတဲ့ တပ်မတော်သားကိုယ်စားလှယ် လေးပုံတစ်ပုံ ၂၅ ရာခိုင်နှုန်းက ရှိနေနှင့်ပြီးဖြစ်ပါတယ်။ အကယ်၍များ PR စနစ်ကိုသာ ကျင့်သုံး လိုက်မယ်ဆိုရင် တပ်မတော်သားကိုယ်စားလှယ် လေးပုံတစ်ပုံဟာ အလွန်အရေးပါအရာရောက်သော အနေအထားကို အလိုအလျောက်ရောက်ရှိသွားနိုင်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုလွှတ်တော်ထဲမှာ ခံယူချက်အမျိုးမျိုး၊ ရပ်တည်ချက်အမျိုး မျိုးနဲ့ ကိုယ်စားလှယ်များ၊ ပါတီများရှိလာနိုင်ပါတယ်။ တောင်သူလယ်သမား အခြေခံလူတန်းစား အရေးကိုသာ ဦးစားပေးတဲ့ပါတီဝင်များ၊ လွှတ်တော်အမတ်များ ရှိနေနိုင်သလို သူဌေးသူကြွယ်၊ ကုန်သည်ပွဲစားလူတန်းစားအရေးကိုသာ ရှေးရှုတဲ့ လွှတ်တော်အမတ်များ၊ ပါတီဝင်များလည်း ရှိနေ နိုင်ပါတယ်။ တပ်မတော်သားများအပါအဝင် ပြည်သူတစ်ရပ်လုံးကောင်းစားဖို့ ဘဝအပျက်ခံ၊ အသက် အသေခံပြီးလုပ်နေတဲ့ နိုင်ငံရေးပါတီများ၊ နိုင်ငံရေးသမားများလည်း လွှတ်တော်အတွင်း ရောက်လာ နိုင်သလို တပ်မတော်သာအမိ တပ်မတော်သာအဖဆိုတဲ့ အမတ်များ၊ အရပ်သားပါတီဝင်များလည်း လွှတ်တော်ထဲကို အကယ်၍များ PR ဆိုတဲ့ ရွေးကောက်ပွဲပုံစံစနစ်အရ ရောက်လာမယ်ဆိုရင်၊ ကာကွယ် ရေးဦးစီးချုပ်ဟာ အုပ်ချုပ်ရေးဩဇာကြီးမားရုံမျှမက ဥပဒေပြုရေးမဏ္ဍိုင်ဖြစ်တဲ့ လွှတ်တော်ထဲမှာ လည်းပဲ အလွန်အရေးပါအရာရောက်တဲ့ အနေအထားကို ရောက်သွားတော့မှာ အမှန်ပါပဲ။ ဒါဆို လို့ရှိရင် ဒီမိုကရေစီနိုင်ငံရေးကျင့်စဉ်၏ အနှစ်သာရတန်ဖိုးဖြစ်တဲ့ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးမဏ္ဍိုင်များ အပြန်အလှန်ထိန်းညှိ ကွပ်ကဲနိုင်မှုယိမ်းယိုင်ပြီး ပြည်ထောင်စုနိုင်ငံတော်က အတိတ်ကလိုပဲ ဒုက္ခတွေ့သွားနိုင်မယ်လို့ ကျွန်တော်ထင်မြင်ယူဆမိပါတယ်။

ဥက္ကဋ္ဌကြီးနဲ့ ကိုယ်စားလှယ်တော်ကြီးများခင်ဗျာ။ အကယ်၍များ PR စနစ်ကိုကျင့်သုံးမယ်ဆိုရင် မြန်မာနိုင်ငံအပေါ်မှာ စေတနာထားကြတဲ့ ပြည်တွင်းပြည်ပ ဥပဒေပညာရှင်များ၊ လူမှုရေးပညာရှင် များ၊ နိုင်ငံရေးသမားများ ထောက်ပြပြောဆိုနေကြတဲ့ တိုင်းပြည်အမှန်တကယ် အေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်ရန် မရှိမဖြစ်လိုအပ်နေတဲ့ တရားဥပဒေစိုးမိုးရေး၊ ဒီမိုကရေစီရေး၊ ဖွဲ့စည်းပုံအခြေခံ

ဥပဒေပြင်ဆင်ရေးစတာတွေဟာ ရွှေပြည်တော်မျှော်တိုင်းဝေးပြီး ကာကွယ်ရေးအင်အားစုဖြစ်တဲ့ တပ်မတော်ဟာ လုပ်ပိုင်ခွင့်တွေ၊ ဩဇာအာဏာတွေကြောင့် သူ့ရဲ့ ရိုးသားဖြောင့်မတ်မှုကို ထိခိုက်စေပြီး ပြည်သူလူထုတစ်ရပ်လုံးရဲ့ ယုံကြည်ကိုးစားမှုပါ လျော့ပါးသွားမယ်ဆိုရင် ဒါဟာ အလွန်စိုးရိမ်စရာ ကောင်းတဲ့အခြေအနေကို ရောက်သွားမှာပါပဲ။

ဒါကြောင့် PR ခေါ်တဲ့ အချိုးကျကိုယ်စားပြုရွေးကောက်ပွဲပုံစံ၊ ရှုပ်ထွေးလှတဲ့ ရွေးကောက်ပွဲ ပုံစံများ၊ မဲဆန္ဒရှင်မိဘ ပြည်သူများကို အချိန်ယူပညာပေးရမှာဖြစ်တာကြောင့် တပ်မတော်သား ကိုယ်စားလှယ် ၂၅ ရာခိုင်နှုန်း လွှတ်တော်ထဲမှာမရှိတော့တဲ့ အခြေအနေမျိုးရောက်မှသာလျှင် ဒီလို ရွေးကောက်တင်မြှောက်တဲ့ ပုံစံမျိုးကို စဉ်းစားသင့်ပါတယ်လို့ ပညာရှင်များက ဝေဖန်နေကြခြင်းဖြစ် ပါတယ်။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေရဲ့အခြေခံမူများမှာ နိုင်ငံတော်၌ တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ပိုမိုထွန်းကားရေးကို ပြဋ္ဌာန်းထားပါ တယ်။ အချိုးကျ PR နည်းကိုသာ ကျင့်သုံးလိုက်မယ်ဆိုရင် ပြည်နယ်ပြည်မ ခွဲခြားထားတာနဲ့ ဒီအခြေခံ မူများကို ဆန့်ကျင်ရာရောက်ပါတယ်။ နိုင်ငံတော်သီချင်းအဖွင့်မှာပါတဲ့ တရားမျှတလွတ်လပ်ခြင်းနဲ့ မသွေဆိုတဲ့ အဓိပ္ပာယ်ကို သွေဖီဆန့်ကျင်ရာ ရောက်သွားနိုင်ပါတယ်။ ဘာကြောင့်အခုလို တင်ပြရသလဲ ဆိုတော့ အဆိုပြုတင်ပြနေကြတဲ့ PR ပုံစံ(၃)နဲ့(၄) မှာ ပြည်နယ်များမှာတော့ သမားရိုးကျ ကျင့်သုံးဆဲ မဲများသူ အနိုင်ယူတဲ့ FPTP စနစ်ကိုပဲ ဆက်လက်ကျင့်သုံးမယ်။ တိုင်းဒေသကြီးတွေမှာတော့ ၅၀ ရာခိုင်နှုန်းနဲ့အထက် အနိုင်ရသူသည် စနစ်ဟောင်းအရ အကျုံးဝင်ပြီး ၅၀ ရာခိုင်နှုန်းမဲမရတဲ့ သူတွေကို ပါတီမဲအဖြစ်သတ်မှတ်ပြီး အချိုးကျယူမယ်လို့ဆိုလိုပါတယ်။ ဥက္ကဋ္ဌကြီးနဲ့ ကိုယ်စားလှယ် တော်အားလုံး သိပြီးဖြစ်တဲ့အတိုင်းပဲ မဲရေတွက်ပုံရေတွက်နည်း၊ တွက်ချက်ပုံတွက်ချက်နည်း ကွဲပြား ခြားနားသွားတာနဲ့တပြိုင်နက် အကျိုးသက်ရောက်မှုဟာ တခြားစီဖြစ်သွားတော့တာပါပဲ။ ဖွဲ့စည်းပုံ အခြေခံဥပဒေ အပိုဒ် ၃၄၈ ဟာ ဒီလိုခွဲခြားတာမျိုးကို လုံးဝလက်မခံပါဘူး။ ကျွန်တော် ထပ်မံတင်ပြ လိုတာကတော့ ပုံစံ(၄)ကို တချို့ ဦးစားပေးဖောင်းပေးပြီးတော့ တင်ပြနေတာတွေရှိပါတယ်။ တစ်ကြိမ် မဲပေးတာနဲ့ နှစ်ကြိမ်အကျိုးသက်ရောက်မှုဖြစ်သွားတာကို ဦးဝင်းဦးဟာ ဟိုနေ့က သေသေချာချာ ရှင်းပြထားပြီး ဖြစ်ပါတယ်။ ဒါဟာ တရားမျှတပါရဲ့လား။ မေးခွန်းမေးရမှာဖြစ်ပါတယ်။

နောက်တစ်ချက် ပညာရှင်များက တင်ပြနေတာက ဒီပုံစံ(၃)နဲ့(၄) ကိုသာ ကျင့်သုံးမယ်ဆိုလို့ ရှိရင် ကြေညာပြီးမှသာ ဘယ်လိုရွေးကောက်ပွဲပုံစံမျိုးနဲ့ မဲပေးခဲ့ရတယ်ဆိုတာကို ပြည်သူလူထုက နားလည်မှာဖြစ်တဲ့အတွက် ဒါဟာလည်းတိုင်းပြည်ရဲ့ တည်ငြိမ်မှု နိုင်ငံရေးစနစ်ရဲ့ ထိရောက်မှုကို

ထိခိုက်စေတယ်လို့ ဆိုလိုခြင်း၊ တင်ပြလိုခြင်းဖြစ်ပါတယ်။ ဒါဟာဆိုလို့ရှိရင်လည်း ခုနက ရှေ့က ဒေါက်တာသန်းဝင်းတင်ပြသွားသလို FPTP စနစ် အစစ်မဟုတ်ပါဘူးဆိုတာလည်းပဲ တင်ပြခဲ့ပြီးဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်ဆက်လက်တင်ပြလိုတာကတော့ အားလုံးသိပြီးဖြစ်တဲ့အတိုင်း ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများကို ရွေးကောက်တင်မြှောက်နေတဲ့ ပုံစံဟာ ပြည်သူအားလုံး နားလည်သဘောပေါက် လက်ခံကျင့်သုံးနေတဲ့ အလွန်ရိုးရှင်းတဲ့ မဲအများဆုံးရသူ တာဝန်ပေးခံရတဲ့ FPTP စနစ်ပဲဖြစ်ပါတယ်။ PR စနစ်ကိုသာ ထည့်သွင်းကျင့်သုံးလာမယ်ဆိုရင် ရှေ့ကကိုယ်စားလှယ် တစ်ယောက်တင်ပြသွားသလို ပြဿနာကိုမီးထွန်းရှာတဲ့ကိန်း ဆိုက်သွားနိုင်ပါတယ်။

ဒါကြောင့် ကျွန်တော်နိဂုံးချုပ်အနေနဲ့ တင်ပြလိုတာကတော့ ပြည်သူ့ဆန္ဒကိုသာ လွှတ်တော်က ရောင်ပြန်ဟပ်ရမှာပါ။ လွှတ်တော်ရဲ့ဆန္ဒကို ပြည်သူကရောင်ပြန်ဟပ်ရမှာမဟုတ်ပါဘူး။ ပြည်သူက တောင်းဆိုခြင်းမပြုဘဲ ပြည်သူလူထုနဲ့အသားကျပြီး ရိုးရှင်းလှတဲ့ရွေးကောက်ပွဲစနစ်ကို လက်လွတ်စပယ်ပြင်ဆင်ရန် မသင့်ပါဘူး။ ဒါကြောင့်မို့လို့ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်ကြီးများရဲ့ ၇၅ ရာခိုင်နှုန်းကျော်က ထောက်ခံယုံမျှမက ပြည်သူ့ဆန္ဒခံယူပွဲကျင်းပပြီး ပြည်သူလူထုရဲ့ခွင့်ပြုချက်နဲ့သာလျှင် ရွေးကောက်ပွဲစနစ်ကို ပြောင်းလဲပြင်ဆင်သင့်ပါကြောင်းနဲ့ လက်ရှိကျင့်သုံးဆဲ ရိုးရှင်းလှတဲ့ FPTP စနစ်ကိုသာ ဆက်လက်ကျင့်သုံးရန် တိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးကျော်နီနိုင်၊ လောက်ကိုင်မဲဆန္ဒနယ်မှ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးကျော်နီနိုင် (လောက်ကိုင်မဲဆန္ဒနယ်)**။ ။ မင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးကျော်နီနိုင် ဖြစ်ပါတယ်။ ဒီကနေ့ ဆွေးနွေးနေကြတဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနဲ့ လိုက်လျောညီထွေမှုရှိမည့် ရွေးကောက်ပွဲစနစ် ပေါ်ပေါက်လာစေရန် လေ့လာသုံးသပ်ရေး ကော်မရှင်ရဲ့ အစီရင်ခံစာနဲ့ပတ်သက်၍ ပါဝင်အကြံပြု ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အပြောင်းအလဲတစ်ခုကို အောင်မြင်စွာ ကျော်ဖြတ်နိုင်ဖို့ဆိုရင် စိန်ခေါ်မှုများစွာ၊ အတိုက်အခံများစွာ ရင်ဆိုင်ကျော်လွှားကြရမှာဖြစ်ပါတယ်။ သာဓကအားဖြင့် ကျွန်တော်တို့ ကိုးကန့်ဒေသမှာ ၂၀၀၂ ခုနှစ်က ဥက္ကဋ္ဌကြီးအပါအဝင် ယခင်တပ်မတော်အကြီးအကဲများ၏ လမ်းညွှန်မှုဖြင့် ဘိန်းပပျောက်ရေးစတင်အကောင်အထည်ဖော်ခဲ့စဉ်မှာ

လူထုနှင့် ပြဿနာပေါင်းများစွာ ရင်ဆိုင်ဖြေရှင်းကြရပါတယ်။ သို့ရာတွင် ယနေ့ ကိုးကန့် ပြည်သူလူထုက ဘိန်းပပျောက်ရေးလုပ်ငန်းစဉ်ကို လုံးဝယုံကြည်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ပါတယ်။ ထိုနည်းတူ ၂၀၀၉ ခုနှစ် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လုံခြုံရေးကိစ္စများဆောင်ရွက်ရန် ဒေသခံရဲများ ဖွဲ့စည်းစဉ်ကလည်း မိမိတို့ဒေသခံများ လုပ်ကိုင်ဆောင်ရွက်လိုစိတ်မရှိခဲ့ကြပါ။ မိမိတို့ဒေသအတွက် ဝိုင်းဝန်းပါဝင်ဆောင်ရွက်ရမည်ကိုလည်း လက်မခံနိုင်ခဲ့ကြပါ။ မိမိဒေသအတွက် မိမိတို့ကိုယ်တိုင်ပါဝင် ဆောင်ရွက်ရမှာကိုလည်း မလိုလားခဲ့ကြပါ။ သို့ရာတွင် ယနေ့ကိုးကန့်ဒေသ၏ တည်ငြိမ်အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှုအရသာကို အားလုံးခံစားနားလည်လာသောအခါ ယခင်ဖွဲ့စည်းခွင့်ရတဲ့ အင်အား ၂၅၀ ထက်ကျော်လွန်၍ တိုးချဲ့အင်အား ထပ်မံတောင်းဆိုပေးပါရန် ကျွန်တော့်ဆီတင်ပြထားတာကို လည်း ကိုယ်တိုင်ကြုံတွေ့ရပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယနေ့ ကျွန်တော်တို့နိုင်ငံရဲ့ ရွေးကောက်ပွဲသမိုင်းစဉ်ကို ပြန်ကြည့်မယ်ဆိုရင် ခေတ်အဆက်ဆက် ဘယ်ပုံဘယ်နည်းနဲ့ ဖြတ်ကျော်လာခဲ့ရတယ်ဆိုတာ အားလုံးအသိပဲဖြစ်ပါတယ်။ ထိုနည်းတူ တိုးတက်မှု၊ ဆုတ်ယုတ်မှုမှန်သမျှကိုလည်း ယခုလွှတ်တော်ထဲရောက်ရှိနေကြတဲ့ ပုဂ္ဂိုလ်မှန်သမျှ မှန်ကန်သောအမြင်နဲ့ ရှုမြင်သုံးသပ်နိုင်ကြလိမ့်မယ်လို့လည်း ကျွန်တော် ယုံကြည်မိပါတယ်။ ဒီကနေ့ ကျွန်တော်တို့ချီတက်နေတဲ့ ပန်းတိုင်သည် လွတ်လပ်ပွင့်လင်း၍ တိုးတက်ခေတ်မီသော ဒီမိုကရေစီပန်းတိုင်ဖြစ်ပါတယ်။ ဒီယုံကြည်ချက်ပန်းတိုင်ကို ကျွန်တော်တို့ မျက်ခြည်ပြတ်ခံလို့မရပါဘူး။ အားလုံးပွင့်လင်းလွတ်လပ်စွာ ပါဝင်ဆွေးနွေးခွင့်၊ ဝေဖန်အကြံပြုခွင့်ရကြတာလည်း ဒီမိုကရေစီရဲ့ အနှစ်သာရတစ်ခုဖြစ်ပါတယ်။ မိမိတို့ဖြစ်ချင်တဲ့ဆန္ဒကို တင်ပြပြီး ရွေးချယ်ဆောင်ရွက်သွားကြရမှာ ပြည်သူ့ကိုယ်စားလှယ်ရဲ့အဓိကတာဝန်ကြီးဖြစ်သလို နိုင်ငံနဲ့လူမျိုးအတွက် သင့်တော်ကောင်းမွန်တဲ့ လုပ်ဆောင်ချက်တွေ ကျွန်တော်တို့ ဝိုင်းဝန်းဖော်ဆောင်သွားရမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီနေရာမှာ ကျွန်တော်တို့ ကိုယ်စားလှယ်များက သွေးအေးပြီးမှ နိုင်ငံနဲ့လူမျိုးအတွက် ၂၉-၇-၂၀၁၄ (အင်္ဂါနေ့)တွင် ကျင်းပပြုလုပ်သော ပထမအကြိမ် ဒသမပုံမှန်အစည်းအဝေး ၃၇ ရက်နေ့မြောက်တွင် ကန့်ကွက်မဲမရှိ ဖွဲ့စည်းပေးခဲ့တဲ့ ကော်မရှင်ရဲ့ အစီရင်ခံစာများတွင်ပါရှိသည့် သင့်တော်ကောင်းမွန်တဲ့အချက်များကို ကျွန်တော်တို့ ရွေးချယ်သွားမှာ ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ယနေ့ လွှတ်တော်အတွင်း၌ ဆွေးနွေးတိုင်ပင်နေကြသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနဲ့ လိုက်လျောညီထွေမှုရှိမည့် ရွေးကောက်ပွဲစနစ်ပေါ်ပေါက်လာစေရန် လေ့လာသုံးသပ်ရေးကော်မရှင်ရဲ့ အစီရင်

ခံစာကို ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအနေနဲ့ ထောက်ခံပါကြောင်း ဆွေးနွေးတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒေါက်တာဒေါ်သန်းငွေ၊ ကလောမဲဆန္ဒနယ်က ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာဒေါ်သန်းငွေ(ကလောမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါ။ ရွေးကောက်ပွဲစနစ်ပေါ်ပေါက်လာစေရန် လေ့လာသုံးသပ်ရေးကော်မရှင်ရဲ့ အစီရင်ခံစာအပေါ်မှာ ကျွန်မဆွေးနွေးပါမယ်။ ဥက္ကဋ္ဌကြီးရှင့်။ အစီရင်ခံစာပါ ရွေးကောက်ပွဲစနစ် (၈) မျိုးအနက် ပုံစံ(၁)၊ (၂)၊ (၃)၊ (၄) မှာ ၂၀၀၈ ခုနှစ် ဥပဒေဘောင်အတွင်းမှ ဆောင်ရွက်နိုင်ကြောင်းတင်ပြထားပါတယ်။ ပုံစံ (၁) FPTP စနစ်က ဒီနိုင်ငံမှာ ခေတ်အဆက်ဆက်ရွေးကောက်ပွဲ ၅ ကြိမ်လုံးကန့်ကွက်သူမရှိကျင်းပခဲ့ပါတယ်။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံ အခြေခံဥပဒေနဲ့လည်း ကိုက်ညီပြီးတော့ ပြည်သူလူထုနဲ့ အဆင်ပြေထောက်ခံတဲ့ ရွေးကောက်ပွဲစနစ် ဖြစ်တဲ့အတွက် ကျွန်မအနေနဲ့အခုချိန်ထိ အကြွင်းမဲ့ထောက်ခံပါတယ်။ ပုံစံ(၂) PR စနစ်ကတော့ ဖွဲ့စည်းပုံအခြေခံဥပဒေများစွာကို မပြင်ဆင်ဘဲမကျင့်သုံးနိုင်ပါဘူး။ PR စနစ် တစ်စိတ်တစ်ပိုင်းကျင့်သုံး မယ့်ပုံစံ(၃)နှင့် ပုံစံ(၄)များကိုတော့ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ပြီးမှသုံးနိုင်တာတွေ့ရပါတယ်။ အဲ့ဒါကြောင့် ဒီ PR စနစ်ကိုသုံးမယ်ဆိုရင် မိခင်အခြေခံ ဖွဲ့စည်းပုံအခြေခံဥပဒေကို အရင်ဆုံးပြင်ရပါ မယ်။ ဥပဒေကို အဆင့်ကျော်ပြီးတော့မှ ချိုးတာ၊ ချဲ့တာတွေ လုပ်ပိုင်ခွင့်မရှိပါဘူး။ ဥပမာ ပုံစံ(၃)မှာ ခိုင်လုံမဲ ၅၀ ရာခိုင်နှုန်း အပေါင်းတစ်မရရှိတဲ့မြို့နယ်များ ရွေးချယ်ခြင်းမခံရတဲ့ ကိုယ်စားလှယ်လောင်းများရဲ့ မဲတွေကိုပေါင်းပြီးတော့မှ ပါတီမဲအဖြစ် တန်းစီဇယားအရ ရွေးချယ်မယ်ဆိုရင် မဲဆန္ဒရှင်တွေက သူတို့ကိုယ်စားပြုမယ့် ကိုယ်စားလှယ်မဟုတ်တဲ့အတွက် မဲဆန္ဒရှင်တွေရဲ့ အခွင့်အရေး ချိုးဖောက်ရာကျပါတယ်။ လူပုဂ္ဂိုလ်မဲကို ပါတီမဲအဖြစ် သုံးနိုင်တယ်လို့ ဖွဲ့စည်းပုံအခြေခံဥပဒေမှာလည်း ဖော်ပြမထားတဲ့အတွက် ဥပဒေချိုးဖောက်ရာလည်း ရောက်ပါတယ်။ နောက်တစ်ခုက မဲအချိုးချ ရေတွက်ပုံရှုပ်ထွေးတဲ့အတွက် ရာခိုင်နှုန်းရော၊ မဲရေတွက်ပုံရော အမှန်နဲ့လွဲမှားနိုင်တာကို တွေ့နိုင်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များရှင့်။ ပြည်ထောင်စုသားအားလုံးဟာ ပင်လုံစာချုပ်ပါ သဘောတူညီမှုများအတိုင်း တောင်တန်းပြည်မ မခွဲခြားဘဲ အေးအတူ ပူအမျှ တန်းတူညီမျှ ခံစားခွင့်များ ရရှိလိုကြပါတယ်။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အခြေခံမူ များမှာလည်း နိုင်ငံတော်၌ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ပိုမိုထွန်းကားရေးလို့ အတိအလင်းဖော်ပြထားပါတယ်။ ယခုမူ တိုင်းဒေသကြီး

မှာရှိတဲ့ ဗမာတိုင်းရင်းသားအများစုအတွက် ရွေးကောက်ပွဲစနစ်ကတစ်မျိုး၊ ပြည်နယ်မှာရှိတဲ့ တိုင်းရင်းသားများအတွက်က စနစ်တစ်မျိုးပြုလုပ်မယ်ဆိုရင် ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ အခြေခံမူနဲ့ ဆန့်ကျင်သော ခွဲခြားဆက်ဆံမှု ဖြစ်နေပါတယ်။ ယနေ့အချိန်အထိ မှတ်ပုံတင်ပြီးသား နိုင်ငံရေးပါတီ ၆၉ ပါတီရှိပြီးတော့မှ တိုင်းရင်းသားပါတီဟာ ၄၃ ပါတီရှိတယ်လို့ သတင်းစာမှာ ဖတ်ရပါတယ်။ အဲ့ဒီတိုင်းရင်းသားပါတီ ၄၃ ပါတီလုံးဟာ ပြည်နယ်/တိုင်းတွေမှာ ရွေးချယ်ရမှာဖြစ်တဲ့အတွက် စနစ်နှစ်မျိုးနဲ့ယှဉ်ပြိုင်မှုမှာ ရှုပ်ထွေးနိုင်ပါတယ်။ PR စနစ်ကို မလိုလားတဲ့တိုင်းရင်းသားများ ကန့်ကွက်ဆန္ဒပြနေတဲ့ တိုင်းရင်းသားအဖွဲ့ အစည်းတွေကိုလည်း သူတို့လက်ခံလာအောင် သူတို့ သဘောတူအောင် ညှိနှိုင်းမှုကို အရင်လုပ်ရပါမယ်။ တိုင်းရင်းသားများက တန်းတူညီမျှရေးကို တစိုက်မတ်မတ်တောင်းဆိုနေတာပါ။ အဲ့ဒီတောင်းဆိုချက်နဲ့ ယခုရွေးကောက်ပွဲစနစ်ဟာခွဲခြား ကျင့်သုံးပုံ မကိုက်ညီပါဘူး။ တိုင်းရင်းသားပြည်သူများ ဖွံ့ဖြိုးမှုအားနည်းနေရင် ဖွံ့ဖြိုးအောင် အရင်လုပ်ပေးရပါမယ်။ စာတတ်မြောက်မှုအားနည်းနေရင် ပညာရေးမြှင့်တင်ပေးရပါမယ်။ စားဝတ်နေ ရေးခက်ခဲမှုနှင့် စီးပွားရေးအခက်အခဲတွေနဲ့ ပြည်တွင်းစစ်ကြောင့် နေအိမ်စွန့်ခွာပြီးတော့မှ၊ ဒေသကို စွန့်ခွာပြီးတော့မှ ရေကြည်ရာ၊ မြက်နုရာသွားပြီး လုပ်ကိုင်နေတဲ့ တိုင်းရင်းသားများဟာ ပြည်တွင်း သာမကဘဲနဲ့ အိမ်နီးချင်းပြည်ပတွေမှာ ITP အနေနဲ့လည်းကောင်း၊ refugee camp တွေကို ကျွန်မတို့အနေနဲ့ မြှင့်တင်ပေးရမယ်၊ ပြင်ဆင်ပေးရပါမယ်။ အဲ့ဒါဟာ ပြည်တွင်းနဲ့တိုင်းရင်းသား အခွင့်အရေးတန်းတူရရှိအောင် ဆောင်ရွက်ပေးရမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ ရွေးကောက်ပွဲစနစ်တစ်ခုပြောင်းမယ်ဆိုရင် နိုင်ငံတကာစံနှုန်းများက နိုင်ငံတကာလူ့အခွင့်အရေးဥပဒေ၊ နိုင်ငံတကာထုံးတမ်းဥပဒေ၊ ရွေးကောက်ပွဲကျွမ်းကျင်ပညာရှင်များ ရဲ့ သုံးသပ်ချက်များအရသာ ရွေးကောက်ပွဲစနစ်ကို ရွေးချယ်လေ့ရှိပါတယ်။ သူတို့ရွေးချယ်တဲ့အခါမှာ အခြေခံအချက်နှစ်ချက်ကို မူတည်ပြီးတော့မှလည်း ရွေးချယ်ပါတယ်။ အဲ့ဒါကတော့ နိုင်ငံသားတစ်ဦး ချင်းစီရဲ့ မျှတစွာကိုယ်စားပြုနိုင်မှု၊ အမျိုးသား၊ အမျိုးသမီး တန်းတူမှု၊ လူနည်းစုအခွင့်အရေးနှင့် မသန်စွမ်းသူများရဲ့ အခွင့်အရေးကို စဉ်းစားပေးမှုဆိုတဲ့ အချက်များဖြစ်ပါတယ်။ ယခုရွေးကောက်ပွဲ စနစ်ပြောင်းမယ်ဆိုရင် အထက်ပါအချက်တွေကို အလေးထားရမယ့်အပြင် ပြည်သူများ နားလည် သဘောပေါက်အောင် အချိန်ယူပညာပေးရှင်းလင်းပြီး ပြည်သူများက ပြည်လုံးကျွတ်ဆန္ဒခံယူပွဲနှင့် ပြင်းပြစွာတောင်းဆိုပါမှ ရွေးကောက်ပွဲစနစ်ကို ပြောင်းသင့်ပါတယ်။ အဲ့ဒါမှ ပြည်သူ့ဆန္ဒဟာ လွှတ်တော်ဆန္ဒနှင့် ညီပါလိမ့်မယ်။ နိုင်ငံရေးပါတီတချို့က တင်ပြတောင်းဆိုရုံမျှနှင့် ပါတီခွဲတမ်း

ရရှိရေး ရေးရှုပြီး ရွေးကောက်ပွဲစနစ်ကို မပြောင်းသင့်ပါ။ ယခုအချိန်မှာ မြန်မာနိုင်ငံမှာ အမှန်တကယ် အရေးတကြီးလိုအပ်တာကတော့ ပြည်တွင်းငြိမ်းချမ်းရေးဖြစ်ပါတယ်။ ကျွန်မတို့ ရှမ်းပြည်မြို့တော် တောင်ကြီးမြို့နဲ့ မိုင် ၅၀ နှင့် ၁၀၀ ပတ်ဝန်းကျင်မှာတောင် ဒေသခံပြည်သူတွေဟာ လုံလုံခြုံခြုံနဲ့ လွတ်လွတ်လပ်လပ် အာမခံရှိရှိမနေထိုင်နိုင်ပါဘူး။ အဲ့ဒါကြောင့်မို့ ပြည်တွင်းငြိမ်းချမ်းရေးကို အရင်ဆုံး လုပ်ပေးရပါမယ်။ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် စည်းလုံးညီညွတ်ရေးကိုလည်း အခွင့်အရေး တန်းတူညီမျှတဲ့ တွေးခေါ်မှုနဲ့ ညှိနှိုင်းဆွေးနွေးတိုင်ပင်ပြီး လုပ်ဆောင်သင့်ပါတယ်။ အဲ့ဒါမှ ဒီမိုကရေစီ ဖော်ဆောင်ရေးဖြစ်ပြီးတော့မှ ပြည်နယ်တွေမှာရှိတဲ့ ဒုက္ခသည်စခန်းတွေ မရှိမယ့်အခြေအနေတွေကို ဖန်တီးနိုင်မှာ ဖြစ်ပါတယ်။ ဒီနေရာမှာ ကျွန်မတို့ United Nation (UN) အဖွဲ့ဝင်နိုင်ငံတကာတွေမှာရှိ တဲ့ တပ်မတော်သားတွေဟာ ကာကွယ်ရေးအတွက်သာမကပဲနဲ့ တိုင်းပြည်မှာရှိတဲ့ အရေးပေါ်လူမှု ကယ်ဆယ်ရေးလုပ်ငန်းများ၊ အဲ့ဒီမှာ ပါဝင်လုပ်ကိုင်နေတာကို တွေ့တဲ့အတွက် ကျွန်မတို့နိုင်ငံမှာရှိတဲ့ တပ်မတော်ကိုယ်စားလှယ်တွေကလည်း အခုနက ဒုက္ခရောက်နေတဲ့၊ ဒုက္ခသည်စခန်းမှာနေထိုင် နေရတဲ့ အခြေအနေတွေမှာ ကိုယ်ချင်းစာနာပြီးတော့မှ ထောက်ထားပြီး ကူညီစေချင်ပါတယ်။ ကျွန်မတို့ အနေနဲ့ အရှည်ကိုတွေးပြီး အနာဂတ်နိုင်ငံတော်ကို ဖော်ဆောင်ကြည့်မယ်ဆိုရင် တရားမျှတမှု၊ လွတ်လပ်မှုနဲ့ ညီမျှမှုရှိရမယ့်အပြင် ဖွံ့ဖြိုးတိုးတက်မယ့်နိုင်ငံတော်ကြီးဖြစ်စေရပါမယ်။ အကယ်၍ အခု လို ခွဲခြားကျင့်သုံးမယ့်ရွေးကောက်ပွဲစနစ်ကြောင့် နောက်ထပ်စည်းလုံးမှုပျက်ပြားပြီး ပြည်နယ်များမှာ ဖွံ့ဖြိုးမှုနောက်ကျမယ်ဆိုရင် ကျွန်မတို့ ယူကျုံးမရ နောင်တရနေကြရပါလိမ့်မယ်။ လွှတ်တော်ကြီးက လည်း ပြည်သူ့အရေးဆောင်ရွက်ရန် အဓိကတာဝန်ရှိတဲ့အတွက် လွှတ်တော်ပါ သမိုင်းတရားခံဖြစ်ပြီး ဂုဏ်သိက္ခာထိခိုက်နိုင်ပါတယ်။ အဲ့ဒါကြောင့် ကျွန်မက ဘယ်ဒေသအတွက်မျှ ဘယ် PR စနစ်မျှ မထောက်ခံပါ။ ပြည်သူများအတွက် အသားကျပြီး လက်ရှိအခြေအနေနှင့်ကိုက်ညီတဲ့ FPTP စနစ်ကို သာ ထောက်ခံကြောင်း ပြောကြားလိုပါတယ်။ ကျေးဇူးတင်ပါတယ်ရှင်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန် အစည်းအဝေး (၂၅)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၂၆)ရက်မြောက်နေ့ ကျင်းပမည့်နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁) ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၅)ရက်မြောက်နေ့ ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၆)ရက်မြောက်နေ့ကို ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက်

(ကြာသပတေးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၂း၁၅။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁) ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၅)ရက်မြောက်နေ့ကို ၁၂း၁၅ နာရီအချိန်တွင် ရပ်နားပါသည်။]